# မြန်မာ့အလင်း ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e – paper ဖတ်ရှုရန်


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်၊ သောကြာနေ့။ Friday, 7 August 2026 ၁၂၆၃


# ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၆

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ်(Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးကြသည်။

**ဂုဏ်ပြုကြိုဆို**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လိုက်ပါလာသည့် အထူးယာဉ်တန်းသည် အစိုးရအိမ်တော် အဆောက်အအုံရှေ့ မြက်ခင်းပြင်သို့ ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ သီးသန့်တွေ့ဆုံဆွေးနွေးစဉ်။

## လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝဝန်တာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့်

စာမျက်နှာ ၅ ကော်လံ ၄ သို့ ○

နယ်မြေခံ တပ်မတော်သားများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များ ချထားစဉ်။

## YCDC ပြင်ပဓာတ်အားလိုင်း အဆင့်မြှင့်တင်မှုကြောင့် ရန်ကုန်မြို့ရှိ မြို့နယ် ၁၂ ခုတွင် ရေပေးဝေရေး ယာယီပြတ်တောက်မည်

ရန်ကုန် ဩဂုတ် ၆

YCDC ပြင်ပဓာတ်အားလိုင်း အဆင့်မြှင့်တင်မှုကြောင့် ရန်ကုန်မြို့ရှိ မြို့နယ် ၁၂ ခုတွင် ရေပေးဝေရေး ယာယီပြတ်တောက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(YCDC)၏ ထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(YCDC)သည် ရေကူး ရေတွန်းစက်ရုံသို့ လျှပ်စစ်ဓာတ်အား ပိုမိုတည်ငြိမ်စွာ ပေးဝေနိုင်ရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)ပိုင် မြောက်ကမ္ဘာအေးဓာတ်အားခွဲရုံ၌ 33 kV Auto Recloser တပ်ဆင်ရေးလုပ်ငန်းဆောင်ရွက်မည်ဖြစ်ရာ ရန်ကုန်မြို့ရှိ မြို့နယ် ၁၂ ခုတွင်

စာမျက်နှာ ၅ ကော်လံ ၄ သို့ ■



ရန်ကုန်မြို့ရှိ ဓရမ်းကုန်းရေတွန်းစက်ရုံကို တွေ့ရစဉ်။


ယနေ့ ဖတ်စရာ

ကလောစာတိုက်(ဟောင်း)၊ ကလောရေကူးကန်နှင့် နားနေစခန်း(ကလောကလပ်)တို့ကို ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများအဖြစ် ကြေးပြား ကမ္ပည်းမော်ကွန်းတပ်ဆင် စာမျက်နှာ » ၁၂

လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှု ဆောင်းပါး စာမျက်နှာ » ၁၄

ကြေးမုံ

# လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကဏ္ဍကိုအားပေးမြှင့်တင်

မြန်မာနိုင်ငံ၏ပညာရေးအခြေအနေကိုကြည့်မည်ဆိုပါက စာတတ်မြောက်မှုနှုန်းမြင့်မားသော်လည်း ပြည်သူလူထု၏ ကျောင်းနေရာခိုင်နှုန်း နည်းပါးနေသည်ကို တွေ့ရသည်။ ပညာအဆင့်အတန်းနိမ့်ကျနေသည်ကို ပြသလျက်ရှိသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်အရွယ် လူငယ် ငါးဦးတွင် သုံးဦးသာ ကျောင်းတက်နေပြီး အသက် ၂၀ အရွယ် ခြောက်ဦးတွင် တစ်ဦးသာ ပညာဆက်လက်သင်ကြားနေသည်ကို တွေ့ရသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်သုံးဆင့်တွင် ကျောင်းနေရာခိုင်နှုန်း တဖြည်းဖြည်းလျော့ကျလာသဖြင့် ပညာရေးကဏ္ဍ နိမ့်ကျနေဆဲဖြစ်သည်။

အသက် ၂၅ နှစ်နှင့်အထက် လူဦးရေ၏ အတန်းပညာအဆင့်အခြေအနေကိုကြည့်လျှင် အတန်းမရှိသူနှင့် မူလတန်းအဆင့်ပြီးမြောက်မှု ၄၉ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်ပြီးမြောက်မှု ၂၃ ဒသမ ၈ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်ပြီးမြောက်မှု ၁၄ ရာခိုင်နှုန်းနှင့် ဘွဲ့ရပြီးသူ ၁၁ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိသည်ကိုတွေ့ရသဖြင့် မြန်မာနိုင်ငံ၏ပညာရေးအခြေအနေကို သိနိုင်သည်။ ရှေးကာလကကောက်ယူခဲ့သော သန်းခေါင်စာရင်း အချက်အလက်များကိုကြည့်လျှင်လည်း ၁၉၇၃ ခုနှစ်တွင် အတန်းမရှိသူနှင့် မူလတန်းအဆင့်သာပြီးမြောက်သူ ၉၀ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် ၈၄ ရာခိုင်နှုန်းနှင့် ၂၀၁၄ ခုနှစ်တွင် ၆၁ ရာခိုင်နှုန်းရှိသည့်အတွက် မြန်မာနိုင်ငံရှိလူဦးရေအများစုသည် မူလတန်းအဆင့်သာပြီးမြောက်သည်ကို တွေ့ရသည်။ သာမန်အားဖြင့် မသိသာနိုင်သော်လည်း ကိန်းဂဏန်းအချက်အလက်များအရ ပညာရေးကဏ္ဍအခြေအနေကို တွေ့နိုင်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ပညာရေးကဏ္ဍ ခေတ်အဆက်ဆက်နိမ့်ကျနေမှုကို မြှင့်တင်နိုင်ရေးအတွက် KG+9 အထိ မသင်မနေရပညာရေးစနစ်ကို ပြောင်းလဲသတ်မှတ်ခဲ့သည်။ နိုင်ငံတော်၏ပညာရေးကဏ္ဍ တိုးတက်လာစေရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေကို ပညာရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံခဲ့သည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ ၆ ဒသမ ၉၂ ရာခိုင်နှုန်း အသုံးပြုသွားမည်ဖြစ်သကဲ့သို့ အခြားဝန်ကြီးဌာနများ၏ ပညာရေးကဏ္ဍများအပါအဝင် နိုင်ငံတော်ဘဏ္ဍာငွေ ၉ ဒသမ ၂၂ ရာခိုင်နှုန်း အသုံးပြုသွားမည်ဟု သိရသည်။ လာမည့်ဘဏ္ဍာနှစ် ၂၀၂၇-၂၀၂၈ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားရန် စီမံဆောင်ရွက်လျက်ရှိသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းအဆင့်တွင် ၄ ဒသမ ၉ သန်းကျော်၊ အလယ်တန်းအဆင့်တွင် နှစ်သန်းကျော်၊ အထက်တန်းအဆင့်တွင် ခြောက်သိန်းကျော်ဖြင့် စုစုပေါင်း ၇ ဒသမ ၅ သန်းကျော် တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ ပြီးခဲ့သည့် ၁၀ နှစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ၉ ဒသမ ၄ သန်းတက်ရောက်ပညာသင်ကြားခဲ့သည်ကိုတွေ့ရသဖြင့် ကျောင်းနေသူရာခိုင်နှုန်းလျော့နည်းနေသည်ကိုတွေ့ရသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်တိုင်းကျောင်းနေနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပညာရေးအားနည်းသည့်ဒေသများအတွက် အထူးစီမံချက်များချမှတ်ပြီး KG+9 အထိ ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကိုလည်း ၉၂ ကျောင်းအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

စိုက်ပျိုးမွေးမြူရေးသိပ္ပံကျောင်းများမှတစ်ဆင့် သင့်တော်သည့်သိပ္ပံကျောင်းများကို တက္ကသိုလ်/ကောလိပ် အဆင့်မြှင့်တင်ခြင်းနှင့် ပိုလီတက္ကနစ်သိပ္ပံများနှင့် တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၅၀၉၆၂ ကျောင်း ရှိသည့်အနက် ၃၅၅၃၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး တက္ကသိုလ် ၅၀ အနက် ၄၈ ခု ဖွင့်လှစ်နိုင်ခဲ့သည်။ အခြေခံပညာအဆင့်တွင် ဆရာ ဆရာမ သုံးသိန်းကျော်နှင့် အဆင့်မြင့်ပညာအဆင့်တွင် တစ်သောင်းကျော် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ဆရာ ဆရာမ အဆင့်မြှင့်တင်ရေးကိုလည်း အဆင့်ဆင့်ဆောင်ရွက်ပေးထားသည်။ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် စာမေးပွဲအောင်ရုံမျှသာမဟုတ်ဘဲ အမှန်တကယ်နားလည်တတ်မြောက်သည့်၊ ဘက်စုံထူးချွန်ထက်မြက်သည့် ကလေးများဖြစ်အောင် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၌ ခေတ်အဆက်ဆက် ပညာရေးအားနည်းမှုများရှိခဲ့ပြီး နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ဖော်ပြပါအတိုင်း ပညာရေးကို အဆင့်မြှင့်တင်ပေးလျက်ရှိသည်။ နိုင်ငံတည်ဆောက်ရာတွင် အဓိကမောင်းနှင်အားဖြစ်သည့် အရေးပါဆုံးလူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရေးကို ခိုင်မာအောင်တည်ဆောက်ပေးရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ (၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

## (၆-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၅,၆၄၂,၂၂၇.၅၂ | ၃,၂၆၇,၈၈၄.၉၁ | ၁၉၂,၀၄၆,၃၃၄.၅၉ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ ထုပ်ပိုးမှုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ စက္ကူ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၆ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ – ၈ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၅၀၀ | ၂၀၈ | ၃,၇၇၀,၅၀၀ |
| MTSH | ၈,၇၀၀ | ၈,၇၀၀ | ၃,၆၀၆ | ၃၁,၃၂၂,၂၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၂၃၅ | ၁၃,၀၀၀ |
| FPB | ၆,၈၀၀ | ၆,၈၀၀ | ၂၃၅ | ၁,၅၈၇,၇၀၀ |
| TMH | ၃,၆၀၀ | ၃,၅၅၀ | ၇၁ | ၂၅၃,၁၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၈၂၀ | ၁,၆၄၀,၀၀၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၂၀၂ | ၈၂၈,၂၀၀ |
| MAEX | ၆,၆၀၀ | ၆,၆၀၀ | ၁,၅၃၇ | ၁၀,၁၁၂,၇၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၃၀၀ | ၄,၅၂၅ | ၂၈,၅၀၇,၅၀၀ |
| ASPGB(PLB) | ၅,၇၀၀ | ၅,၇၀၀ | ၂၅,၀၂၂ | ၁၄၂,၆၇၅,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြု အလေးပြုခြင်းကို ခံယူကြစဉ်။

❂ ရှေ့ဖုံးမှ

ယင်းနောက် နှစ်နိုင်ငံအကြီးအကဲ နှစ်ဦးသည် အလေးပြုခံစင်မြင့်ထက်တွင် နေရာယူကြပြီး ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြု အလေးပြုခြင်းကို ခံယူကြသည်။

ထို့နောက် နှစ်နိုင်ငံအကြီးအကဲနှစ်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့အလံအား အလေးပြု၍ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးပြီး နှစ်နိုင်ငံကိုယ်စားလှယ်အရာရှိကြီးများနှင့် အပြန်အလှန်မိတ်ဆက်ပေးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြီးအကဲ နှစ်ဦးသည် အစိုးရအိမ်တော်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထိုင်းဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Queen Sirikit ၏ တော်ဝင်ပုံတူပန်းချီကားအား အရိုအသေပြုပြီး ထိုင်းနိုင်ငံ အစိုးရအိမ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ နှစ်နိုင်ငံတာဝန်ရှိသူများနှင့်အတူ အစိုးရအိမ်တော် ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံဆွေးနွေးသည်။

**တွေ့ဆုံဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ၊ တရားမဝင် နယ်စပ်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူနှင့် မြစ်ရေညစ်ညမ်းမှုဆိုင်ရာ၊ စွမ်းအင်ကဏ္ဍတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပတ်သက်၍ အပြုသဘောဆောင်ပြီး အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် ထိန်းသိမ်းသွားမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းစီနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက်မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ အစိုးရအိမ်တော်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်

## နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန်လက်မှတ်ရေးထိုးလဲလှယ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော် Pakdi Bodin Building ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဗီရကွန်တို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ အစိုးရအဖွဲ့မှ အဆင့်မြင့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံမှ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြပြီး ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ရှည်လျားသည့် နယ်နိမိတ်ထိစပ်နေမှုနှင့် အတူ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည်လည်း အပြန်အလှန် ဆက်စပ်လျက် ရှိနေပါကြောင်း၊ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအနေဖြင့် မူလအခြေအနေကဲ့သို့ ပြန်လည်ပါဝင်နိုင်ရေးအတွက်ကိုလည်း ထိုင်းနိုင်ငံမှ လိုလားပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အခွင့်အလမ်းကောင်းများစွာလည်း ရှိနေသည်ဖြစ်သည့်အတွက် ယနေ့ဆွေးနွေးပွဲသည် နှစ်နိုင်ငံအတွက် အကျိုးရှိသည့် ဆွေးနွေးပွဲ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးအနေဖြင့် နှစ်နိုင်ငံ အကျိုးစီးပွားအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်း ဦးစွာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက **မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှေးယခင်နှစ်ပေါင်းများစွာကတည်းက ဆက်နွယ်ရင်းနှီးမှုများရှိသည့် နိုင်ငံများဖြစ်ကြပြီး** ခွဲခွာ၍မရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သကဲ့သို့ **နှစ်ဖက်ပြည်သူများအကြား ဆက်နွယ်မှု၊ ဆက်ဆံမှု အလွန်နိုင်မာသည့် နိုင်ငံများ ဖြစ်ကြကြောင်း၊** နှစ်နိုင်ငံလုံး၌ ဘာသာရေးဆိုင်ရာ တန်ဖိုးထားမှု၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်၊ အစားအသောက်များမှအစ တူညီမှုရှိသည့်အတွက် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု အမြင့်ဆုံးရှိသည့် နိုင်ငံများဟု ဆိုနိုင်ကြောင်း၊ မိမိအား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရမှုအပေါ် အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုနှင့် နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခြင်း အခမ်းအနားသို့ ထိုင်းနိုင်ငံမှ အထူးကိုယ်စားလှယ် စေလွှတ်တက်ရောက်စေခြင်းတို့အပေါ် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်ဦး၏ ယခုတွေ့ဆုံမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲကောင်းမွန်သည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန်လဲလှယ်ကြစဉ်။

ယခုအချိန်သည် နှစ်နိုင်ငံလုံးအတွက် အရေးကြီးသည့် အကူးအပြောင်းကာလဟု ဆိုနိုင်ပြီး ထိုင်းနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်များမှတစ်ဆင့် အစိုးရသစ်တစ်ရပ် ပေါ်ထွက်လာခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရွေးကောက်ခံအစိုးရသစ် ပေါ်ထွက်လာသည့် အချိန်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်အခြေချပြီး ပိုမိုကောင်းမွန်သည့် အနာဂတ်ဆီကို ဦးတည်လျှောက်လှမ်းနေပြီ ဖြစ်ကာ မိမိတို့အစိုးရသစ်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့်** အမျိုးသား ပြန်လည်စည်းလုံး**ညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊** နိုင်ငံတကာဆက်ဆံရေးတွင်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားပြီး အာဆီယံနှင့်လည်း ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည်မှာ ၁၅ နှစ်တာကာလမျှသာရှိသေးပြီး ဒီမိုကရေစီစနစ် ခိုင်မာစေရေး ငြိမ်းချမ်းရေးသည် မဖြစ်မနေ** လိုအပ်သည့်အတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိနေကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံမှ ပံ့ပိုးကူညီလိုကြောင်း ကြားသိရသည့်အတွက်လည်း ကြိုဆိုအသိအမှတ်ပြုပါကြောင်း၊ ၂၀၁၅ ခုနှစ် NCA စတင် လက်မှတ်ရေးထိုးစဉ်ကတည်းက ထိုင်းနိုင်ငံက နိုင်ငံတကာ အသိသက်သေအဖြစ် ပါဝင်ခဲ့ပြီး NCA နှစ်ပတ်လည်အခမ်းအနားများကိုလည်း ကိုယ်စားလှယ် စေလွှတ်တက်ရောက်စေခဲ့သည့်အတွက် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ထိုင်းနိုင်ငံရဲ့ အစဉ်တစိုက် ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ရှိပါကြောင်း။

**စာမျက်နှာ ၅ သို့**

☆ **မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိပြီး ဖြတ်သန်းခဲ့ရသည့် သမိုင်းအဆက်ဆက်၏ အတွေ့အကြုံများအရ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်**

☆ **နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကျိုးအတွက် ပိုမိုနီးကပ်သည့် မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ခိုင်မာအားကောင်းလာအောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်**

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်**

❒ စာမျက်နှာ ၄ မှ

**မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိပြီး ဖြတ်သန်းခဲ့ရသည့် သမိုင်းအဆက်ဆက်၏ အတွေ့အကြုံများအရ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်**ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များအား နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရန် အကြိမ်ကြိမ်ဖိတ်ခေါ်ထားပြီးဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသာမက လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် အဖွဲ့များနှင့်လည်း ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ နှစ်နိုင်ငံအနေဖြင့် အစိုးရချင်း ဆက်ဆံရေး၊ တပ်မတော်အချင်းချင်း ဆက်ဆံရေး၊ ပြည်သူအချင်းချင်းနှင့်အဖွဲ့အစည်းများအကြား ဆက်ဆံရေးတို့တွင် ကဏ္ဍပေါင်းစုံ၌ ခိုင်မာအားကောင်းလျက်ရှိပြီး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership) အဆင့်ရှိသည့်နိုင်ငံများလည်းဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သဖြင့် ၂၀၂၈ ခုနှစ်တွင် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၈၀)ပြည့်မြောက်မည်ဖြစ်ကြောင်း၊ **နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကျိုးအတွက် ပိုမိုနီးကပ်သည့် မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ခိုင်မာအားကောင်းလာအောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟုယုံကြည်**ပါကြောင်း၊ ယနေ့တွေ့ဆုံမှုမှ ရလဒ်ကောင်းများကို လက်တွေ့ကျကျ အကောင်ထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း လက်ရှိပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန်များကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးစီးပွားအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံအတွက် အမြဲတမ်းယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်**ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဆိုင်ရာများနှင့် ပတ်သက်၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏အကျိုးစီးပွားကို ရှေးရှု၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဖွံ့ဖြိုးရေး မိတ်ဖက်နိုင်ငံအဖြစ် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံလွှတ်တော်များအကြား အပြန်အလှန် လေ့လာရေးခရီးစဉ်များစေလွှတ်၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ကာကွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံအကြား မဟာဗျူဟာအဆင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေး တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ နယ်စပ်ဒေသလုံခြုံရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ တရားမဝင်ကုန်သွယ်မှုတို့ အပါအဝင် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးတို့၌ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံအကြား ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန် လဲလှယ်**

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊ လုပ်သားများခန့်ထားရေးဆိုင်ရာ သဘောတူညီချက်၊ အာကာသနည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး နားလည်မှုစာချွန်လွှာ၊ နယ်နိမိတ်နှင့် နယ်စပ်ဖြတ်ကျော်မြစ်များ၏ ရေအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန်များ စသည့် သဘောတူစာချုပ်နှင့်နားလည်မှုစာချွန်လွှာ ၄ ခုတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့၏ ရှေ့မှောက်၌ လဲလှယ်ကြသည်။

လက်မှတ်ရေးထိုးပွဲ အပြီးတွင် နှစ်နိုင်ငံအကြီးအကဲ နှစ်ဦးတို့သည် တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အစိုးရအိမ်တော်မှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ လိုက်ပါစီးနင်းမည့် အထူးယာဉ်တန်းနေရာအထိ ရင်းရင်းနှီးနှီးလိုက်ပါနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် လဲလှယ်ခြင်းအခမ်းအနားတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**✧ ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဆိုင်ရာများနှင့်ပတ်သက်၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ ဆောင်ရွက်သွားမည်**

**✧ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံအဖြစ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်**

**✧ နှစ်နိုင်ငံအကြား ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်**

**ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်**

## ကလောမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းကြည့်ရှု

ကလော ဩဂုတ် ၆

ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ် အတွင်း စည်ပင်သာယာရေးဌာနမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကလောမြို့တွင်း ရေစီးရေလာ ကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှတ်(၄)ရပ်ကွက်ရှိ ကလောချောင်းရေမြောင်းအသစ် တူးဖော်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်လုပ်ဆောင်မည့် အခြေအနေများကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြပြီး ရှင်းလင်းချက်များအပေါ် ပြည်နယ်ဝန်ကြီးက လိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့်တာဝန်ရှိသူတို့သည် မြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အောင်ပန်းမြို့ ညောင်ပင်ထောင် ရပ်ကွက် ဟိုက်ဒရိုကွင်းအတွင်း ငါးရက်တစ်ကြိမ် ပုံကျဈေး ရောင်းချလျက်ရှိသည့် မြေနေရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❍ **လေးမျက်နှာမြို့နယ်မှ**

ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင် ကျေးရွာ ၇၂ ရွာ၊ ဟင်္သာတမြို့နယ် ၂၆ ရွာ၊ ရေကြည်မြို့နယ် ခြောက်ရွာနှင့် ကျုံပျော်မြို့နယ် နှစ်ရွာ စုစုပေါင်း ၁၀၆ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့်ရေဘေးကယ်ဆယ်ရေးစခန်းများကို လေးမျက်နှာမြို့နယ်တွင် ၁၃ ခု၊ ဟင်္သာတမြို့နယ်တွင် သုံးခု ၊ ရေကြည်မြို့နယ်တွင် ငါးခုနှင့် ကျုံပျော်မြို့တွင် တစ်ခု ဖွင့်လှစ်ကာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှ ကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■ **YCDC မှ**

ရေပေးဝေရေး ယာယီပြတ်တောက်ခြင်း သို့မဟုတ် ရေအားနည်းခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း အသိပေးထုတ်ပြန်သည်။

အဆိုပါလုပ်ငန်းကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ လေးနာရီကြာ ဆောင်ရွက်မည်ဖြစ်ပြီး ယင်းကာလအတွင်း မရမ်းကုန်းမြို့နယ်ရှိ ရေကူးရေတွန်းစက်ရုံ၏ ရေတွန်းစက်များကို ယာယီရပ်နားထားမည်ဖြစ်သည်။

ထို့ကြောင့် မရမ်းကုန်း၊ ကမာရွတ်၊ ရန်ကင်း၊ တာမွေ၊ ဗဟန်း၊ စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ လမ်းမတော်၊ လသာနှင့် ပန်းဘဲတန်းမြို့နယ်တို့တွင် ရေပေးဝေရေး ပြတ်တောက်ခြင်း သို့မဟုတ် ရေအားနည်းခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ရေသုံးစွဲသူများအနေဖြင့် လိုအပ်သည့် ရေကို ကြိုတင်စုဆောင်းထားကြရန် YCDC က တိုက်တွန်းထားသည်။ထို့ပြင် ရေသုံးစွဲရာတွင် အခက်အခဲများကြုံတွေ့ပါက သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်ရေပေးရေးတာဝန်ခံများထံ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း YCDC မှ အသိပေးထားသည်။

**TWA**

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ - ထိုင်း စီးပွားရေးဖိုရမ်" သို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဩဂုတ် ၆

**"မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"**ကို ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Queen Sirikit National Convention Center၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရေး ဆိုင်ရာများနှင့် ပတ်သက်၍ မိန့်ခွန်းပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်" တွင် မိန့်ခွန်းပြောကြားစဉ်။

အဆိုပါ **"မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"**သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်နှင့် ထိုင်းနိုင်ငံအစိုးရ အဖွဲ့မှတာဝန်ရှိသူများ၊ နှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် Queen Sirikit National Convention Center၊ Plenary Hall သို့ ရောက်ရှိလာရာ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် **"မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"** ကို အခမ်းအနား အစီအစဉ်အတိုင်း စတင်ကျင်းပပြုလုပ်ရာ ထိုင်း - မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌတို့က ကြိုဆိုဂုဏ်ပြုစကားများ ပြောကြားကြသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ယခု မြန်မာ – ထိုင်း စီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ တက်ရောက်ခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့သည် ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားကို အခြေခံထားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ ကဏ္ဍသစ်ကို အတူတကွ လျှောက်လှမ်းရန် အသင့် ဖြစ်နေပြီဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံ၏အရေးပါသော စီးပွားရေး မိတ်ဖက်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှု ပမာဏသည် ဆက်လက် တိုးတက်နိုင်သည့် အလားအလာ များစွာလည်း ရှိနေပါကြောင်း။

ထိုင်းနိုင်ငံ၏ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများသည် စွမ်းအင်ကဏ္ဍ၊ ထုတ်လုပ်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး (Logistics)၊ ဆက်သွယ်ရေး၊ အိမ်ခြံမြေလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများအထိ ကျယ်ပြန့်စွာ ရှိနေပြီး ယင်းကဏ္ဍများအားလုံးသည် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခြေခံအုတ်မြစ်များ ဖြစ်ပါကြောင်း၊ ယနေ့တွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူတို့၏ အကျိုးစီးပွားဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပြီး ကောင်းမွန်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ်အတွင်း ထိုင်းနိုင်ငံက နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာပူးတွဲကော်မတီ (Joint Trade Committee) အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိ တိုးမြှင့်နိုင်ရန် တွန်းအားပေးသွားမည် ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာကြီးသည် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက် (Supply Chain) ကို ပြန်လည်ဖွဲ့စည်းနေသည့် ကာလဖြစ်ပြီး လူများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာ ချိတ်ဆက်ပေးနိုင်သည့် နိုင်ငံများသည် အခွင့်အလမ်းများကို ဦးစွာရရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအစိုးရများသည် စီးပွားရေးလုပ်ငန်းများ၊ ကုန်သည်အသင်းများနှင့် လုပ်ငန်းရှင်များကို အနီးကပ် ပူးပေါင်းဆောင်ရွက်နိုင်စေရန် အပြည့်အဝ ထောက်ခံအားပေးသွားမည်ဖြစ်ပြီး အခွင့်အလမ်းများကို လက်တွေ့ရလဒ်များအဖြစ် ပြောင်းလဲနိုင်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် **"မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်"** သည် အမြင်ချင်းဖလှယ်သည့် ဆွေးနွေးပွဲတစ်ခုထက် ပိုမိုအဓိပ္ပာယ်ရှိပြီး




ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်" တွင် မိန့်ခွန်းပြောကြားစဉ်။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဖန်တီးမည့် နှစ်နိုင်ငံ၏ စီးပွားရေး အနာဂတ်အတွက် ပူးပေါင်း ဆောင်ရွက်မှုနှင့် အပြောင်းအလဲများ၏ အစပြုရာ ဖြစ်ပါကြောင်း၊ ယခုဖိုရမ် ဖြစ်မြောက်မှုရှိစေရေး ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် ယနေ့အခမ်းအနားကို ပူးပေါင်းစီစဉ်ပေးကြသော နှစ်နိုင်ငံမှ အဖွဲ့အစည်းအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် မိမိ၏ထိုင်းနိုင်ငံ ခရီးစဉ်အတွင်း ယခုကဲ့သို့ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အရေးပါသည့် **"မြန်မာ – ထိုင်း စီးပွားရေးဖိုရမ်"**သို့ တက်ရောက် မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် အထူးပင် ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနှင့် ဖိုရမ်၏ **"မြန်မာ-ထိုင်း စီးပွားရေး မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၏ အနာဂတ်နှင့် စာမျက်နှာသစ်"** ဟူသည့် ခေါင်းစဉ်နှင့်အညီ နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးပြုမည့် မိတ်ဖက်စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုသည် ကမ္ဘာကြီးတွင် လက်ရှိဖြစ်ပေါ်နေသည့် ခန့်မှန်းရခက်ခဲပြီး အပြောင်းအလဲ မြန်ဆန်လွန်းသည့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ကြံ့ကြံ့ခံနိုင်သည့် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

**မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့် ကုန်းမြေရေပြင် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြရုံမျှမကဘဲ တူညီသည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာတရားနှင့် သမိုင်းဝင် ချစ်ကြည်ရေး အခြေခံကောင်းများရှိသည့် ညီရင်းအစ်ကို မောင်ရင်းနှမကဲ့သို့ သံယောဇဉ်ခိုင်မြဲသည့် အိမ်နီးချင်းကောင်းများ၊ မိတ်ဆွေစစ်များဖြစ်ကြ**ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်း ဖြစ်ပြီး ယခုဆိုပါက စိန်ရတုမှတ်တိုင်ကိုကျော်လွန်၍ နှစ်ပေါင်း (၇၈)နှစ် တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ သံတမန် ဆက်သွယ်ရေး ထူထောင်မှု နှစ်(၇၀)ပြည့်သည့် ၂၀၁၈ ခုနှစ်တွင် နှစ်နိုင်ငံ ဆက်ဆံရေးကို **"မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership)"** အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပါကြောင်း။

**ယခုခရီးစဉ်တွင် မြန်မာ-ထိုင်း ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းခိုင်မာစေပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှုများကိုလည်း အားပေးမြှင့်တင်နိုင်မည်** ဟုယုံကြည်ပါကြောင်း၊ ထို့အပြင် မြန်မာ-ထိုင်း နှစ်နိုင်ငံစလုံးသည် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP)၊ အာဆီယံ၊ BIMSTEC တို့တွင်လည်း ဒေသတွင်း ပြည်သူများကို အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ရည်ရွယ်ပြီး အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ဒေသတွင်းသာယာဝပြောမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဦးတည်ဆောင်ရွက်နေသည့် မဟာမဲခေါင်ဒေသ (Greater Mekong Subregion–GMS)၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု (Mekong Lancang Cooperation)၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) စသည့် အစီအစဉ်များတွင်လည်း နီးနီးကပ်ကပ် အတူတကွ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရသည့် အချိန်တိုင်းတွင် ထိုင်းနိုင်ငံသည် မိတ်ဆွေကောင်းပီသစွာ အစဉ်ရပ်တည်ပေးခဲ့ပြီး နားလည်မှု၊ ယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှုများကို အခြေခံ၍ ကူညီပံ့ပိုးပေးမှုများအတွက် အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း။**

မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အပြင် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်နှင့်အညီ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့် ကဏ္ဍများတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်နေကြပြီး ထပ်မံတိုးချဲ့အဆင့်မြှင့်တင်နိုင်သည့် အခွင့်အလမ်းများလည်းရှိနေကြောင်း၊ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကျပြီး အရေးပါဆုံးသော ကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ရာ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့၊ လယ်ယာထွက်ကုန် ပစ္စည်းများ၊ ရေထွက်ကုန် ပစ္စည်းများနှင့် အထည်များကို အဓိကတင်ပို့လျက်ရှိပြီး ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများ အဓိကတင်ပို့လျက်ရှိပါကြောင်း။

**စာမျက်နှာ ၇ သို့ ✢**

✢ စာမျက်နှာ ၆ မှ

နှစ်နိုင်ငံကုန်သွယ်မှု (Bilateral Trade) ပမာဏသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၏ ဇွန်လအထိ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် အသီးသီးရှိခဲ့ပါကြောင်း။ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်မှစတင်ပြီး ယခုနှစ် ဇွန်လအထိ ဆိုပါက နှစ်နိုင်ငံကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇၅၈ ဘီလီယံရှိခဲ့ကြောင်း၊ ယခုကဲ့သို့ အပြန်အလှန်ကုန်သွယ်မှု ပုံစံသည် နှစ်နိုင်ငံစီးပွားရေးကို အထောက်အကူ ပြုရုံမျှသာမက ဒေသတွင်း တန်ဖိုးကွင်းဆက် (Regional Value Chains) ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား နယ်နိမိတ်သည် ကီလိုမီတာ ၂၄,၀၀ ကျော် ရှည်လျားပြီး မြောက်ဘက်ရှိ လာအိုနိုင်ငံနှင့် ထိစပ်နေသည့် သုံးနိုင်ငံဆုံမှတ်မှ တောင်ဘက် အက်ဒမန်ပင်လယ် ကမ်းရိုးတန်းအထိ ထိစပ်လျက်ရှိပြီး မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးသည် နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍတွင် လွန်စွာအရေးပါသည်ကို တွေ့ရကြောင်း၊ မြဝတီ - မဲဆောက်၊ တာချီလိတ် - မယ်ဆိုင် စသည့် နယ်စပ်ဂိတ်များတွင် နယ်စပ်ကုန်သွယ်ရေးနှင့် စီးပွားရေးစီးဆင်းမှု၏ အဓိကအသက်သွေးကြောဟု ဆိုနိုင်ပါကြောင်း၊ တစ်ဖက်တွင်လည်း တရားမဝင် ကုန်သွယ်ရေးဂိတ်နှင့် တရားမဝင်ကုန်သွယ်မှုကို နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်သွားရန် လိုအပ်လျက်ရှိပါကြောင်း။

တရားမဝင် ကုန်သွယ်မှုကြောင့် နှစ်နိုင်ငံ၏ နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးမှုများသာမက အရည်အသွေးမမီသည့်အတွက် သုံးစွဲသူများအန္တရာယ်ဖြစ်စေမည့် စားသောက်ကုန်နှင့် ဆေးဝါးများ ဈေးကွက်အတွင်း ဝင်ရောက်လာသည့် အန္တရာယ်ကို ဒေသခံများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းကူညီပေးရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံတွင် ပဉ္စမမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံး နိုင်ငံဖြစ်ပြီး အမေရိကန် ဒေါ်လာ ၄,၆၀၅ ဒသမ ၄၈၄ သန်း တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၁၀၃ ခု ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးနှင့် လူသုံးကုန်ပစ္စည်းများ စသည့် အဓိက ကဏ္ဍကြီးများတွင် အကြီးမားဆုံး ကုန်သွယ်ဖက်နှင့် အဓိက ရင်းနှီးမြှုပ်နှံသည့်နိုင်ငံအဖြစ် ကာလရှည်ကြာ ရပ်တည်ခဲ့သည့်နိုင်ငံဖြစ်ပြီး လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှု တန်ဖိုးအားလုံး၏ ၆ ဒသမ ၃၀ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၄၆၀၅ ဒသမ ၄၈၄သန်း) နှင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ စက်မှုဇုန် တည်ဆောက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားသည်လည်း ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာကြီးသည် အပြန်အလှန်ချိတ်ဆက်မှု ပိုမိုမြန်ဆန်လာပြီး စီးပွားရေးအရ ပေါင်းစည်းမှု ပိုမိုနက်ရှိုင်းလာသည်နှင့် အမျှ ထောက်ပံ့ ပို့ဆောင်ရေးလမ်းကြောင်းများနှင့် ဒေသတွင်း ပေါင်းစည်း ချိတ်ဆက်ပေးသည့် ကုန်သွယ်ရေးနှင့် စီးပွားရေးစင်္ကြံများ၏အခန်းကဏ္ဍသည် လွန်စွာအရေးပါလာကြောင်း၊ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေခံမြေခံကောင်းများ ပိုင်ဆိုင်ထားပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝသည့်အပြင် မဟာဗျူဟာကျသည့် ပထဝီဝင်အနေအထားကိုလည်း ပိုင်ဆိုင်ထားကြောင်း၊ **မြန်မာနိုင်ငံသည် အရှေ့အာရှ၊ အရှေ့တောင်အာရှ၊ တောင်အာရှတို့နှင့် ကုန်းမြေပေါင်းကူးတံတား (Land Bridge) သဖွယ်တည်ရှိနေပြီး ပထဝီအနေအထားအရ ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာ နှစ်စင်းတို့ကို ဆက်စပ်ပေးသည့် အတွက် အနာဂတ် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးတွင် အချက်အချာကျသည့်နေရာ၌ တည်ရှိနေ**ပါကြောင်း။

ဒေသတွင်း ဈေးကွက်များအကြား ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ချိတ်ဆက်မှုများကို အထောက်အကူပြုလျက် ပိုမိုကျယ်ပြန့်သည့် စီးပွားရေး ပေါင်းစည်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် အလားအလာကောင်းများလည်း ရှိနေကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းတို့ကိုလည်း ဖော်ဆောင်လျက်ရှိကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းသည် ထိုင်းနိုင်ငံနှင့် အနီးကပ်ဆုံးရှိပြီး ထိုင်းနိုင်ငံအတွက် တောင်အာရှနှင့် အနောက်အာရှတို့အတွက် အနီးဆုံးကုန်တင်ပို့နိုင်သည့် နေရာဖြစ်ပါကြောင်း၊ ထို့အပြင် **တရုတ်-မြန်မာစီးပွားရေးစင်္ကြံ၊ မြန်မာ-အိန္ဒိယ ကုလားတန်ဘက်စုံ သယ်ယူပို့ဆောင်ရေး**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ စုပေါင်းအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**စီမံကိန်း၊ မြန်မာ-ထိုင်း-အိန္ဒိယ သုံးနိုင်ငံအဝေးပြေး လမ်းမကြီး** အစီအစဉ်များသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာကုန်သွယ်ရေးတွင် မြန်မာနိုင်ငံက အဓိကနေရာမှ ပါဝင်နေကြောင်း၊ အာရှအဝေးပြေးလမ်းမနှင့် အာရှဖြတ်ကျော် ရထားလမ်း ကွန်ရက်နှစ်ခုစလုံး၏ အစိတ်အပိုင်းဖြစ်သည့် အတွက် ဒေသတွင်း ထောက်ပံ့ပို့ဆောင်ရေး ကွန်ရက်များနှင့် ချိတ်ဆက်ရန် အခွင့်အလမ်း ကောင်းများကိုလည်း ပိုင်ဆိုင်ထားရှိကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ပြီး ကြွယ်ဝပေါများသည့် အရင်းအမြစ်နှင့် အလားအလာကောင်းများစွာ ရှိနေကြောင်း၊ နိုင်ငံ၏ လက်ရှိလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံ ကုန်ထုတ်လုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှု လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်လည်း ဖိတ်ခေါ်လိုကြောင်း၊ ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတန်ဖိုးမြှင့် ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း အားပေးဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့အပြင် ပြည်တွင်းထွက်ကုန်များကို အခြေခံသည့် အဆင့်မြင့် ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံ ပရိဘောဂနှင့် တာယာထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိသည့်အတွက် ထိုင်းလုပ်ငန်းရှင်များအနေဖြင့် ယခုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများလည်း ရှိနေပါကြောင်း။

ထိုင်းနိုင်ငံသည် အဆင့်မြင့်ကျန်းမာရေး ဝန်ဆောင်မှုများ ထွန်းကားသည့်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အနေဖြင့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် ပို့ဆောင်ဆက်သွယ်ချိတ်ဆက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးသည် နှစ်နိုင်ငံကုန်သွယ်မှုကိုသာမက RCEP နှင့် အာဆီယံ စီးပွားရေးစင်္ကြံကိုပါ ဖွင့်လှစ်ပေးမည့် သော့ချက်များဖြစ်ကြောင်း၊ ထို့ကြောင့် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း စသည့် နယ်စပ်ဒေသများတွင် နယ်စပ်စီးပွားရေးဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ရှိနေပါကြောင်း။

မိမိတို့ အစိုးရအနေဖြင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ပိုမိုရှင်းလင်းခိုင်မာပြီး ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန်၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့အောင် ပြုပြင်ပြောင်းလဲရန်နှင့် သင့်တော်သည့် မူဝါဒဆိုင်ရာ ကူညီပံ့ပိုးမှုများ ပေးနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်သည် ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် အသက်ဝင်ခဲ့ပြီးဖြစ်သည့်အတွက် ယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ အလားတူ မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးနိုင်ရန်အတွက် မူပိုင်ခွင့်ဥပဒေ (၄)ရပ်ကိုလည်း ၂၀၂၄ ခုနှစ်တွင် အပြည့်အဝအကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း။

လက်ရှိတွင် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံတို့အကြား ကုန်သွယ်မှု မြှင့်တင်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်အတွက် ထိုင်း-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် မြန်မာကျပ်ငွေနှင့် ဘတ်တိုက်ရိုက်အသုံးပြုပေးချေမှုကို ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုစနစ်သည် နှစ်နိုင်ငံကုန်သွယ်မှု သာမက နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့အတွက် များစွာအထောက်အကူပြု နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အရည်အသွေးပြည့်ဝပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အထူးအားပေးဖိတ်ခေါ်နေပြီး ရေရှည်တည်တံ့မည့် ဂေဟစနစ်နှင့် စီးပွားရေး ဟန်ချက်ညီမှုရှိစေရန်အတွက်ကိုလည်း အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို အတတ်နိုင်ဆုံး ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန် အတွက် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ ဥပမာအားဖြင့် လျှပ်စစ်သုံးယာဉ် (EV) များ တိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ အတွက် အကောက်အခွန် နှုန်းထားများကိုလည်း လျှော့ချပေးလျက်ရှိကြောင်း၊ အထူးသဖြင့် လုပ်ထုံးလုပ်နည်းများကိုပြန်လည်သုံးသပ်ခြင်း၊ ဒေသတွင်း မိတ်ဖက်နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များသည် မိမိတို့နှစ်နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်တို့ "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်" တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၈ သို့ ✢

# ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဩဂုတ် ၆**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ယနေ့ညပိုင်းတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ညစာစားပွဲကျင်းပမည့်နေရာသို့ ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့သည် နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း ထိုင်းနိုင်ငံယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံ တေးသီချင်းများ၊ အကအလှများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ထိုင်းနိုင်ငံ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းစည်းပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်က အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



✢ စာမျက်နှာ ၇ မှ

ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်လျက်ရှိရာတွင် **မြန်မာဒီဂျစ်တယ် လမ်းပြမြေပုံ ၂၀၃၀** ကို ရေးဆွဲဖော်ဆောင်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ အလယ်ပိုင်းရာသီဥတုကောင်းသည့်တောင်ပေါ်ဒေသတွင် မြေဧရိယာဧက ၁၀,၀၀၀ ခန့် ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အတွက် စိတ်ပါဝင်စားသည့် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် လာရောက် ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း။

ယနေ့ကျင်းပသည့် ဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုသည် အခန်းသစ်တစ်ခုသို့ တက်လှမ်းနိုင်မည်ဖြစ်ပြီး ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသတွင်းစီးပွားရေး ကွန်ရက်ချိတ်ဆက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန် အားလုံးက လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

စုပေါင်းစွမ်းအားမှ တစ်ဆင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှု အပါအဝင် နှစ်နိုင်ငံ အပြန်အလှန် အကျိုးပြုစေမည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ဖော်ဆောင်သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ထားပါကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ် အားသာချက်များကို ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ၏ နည်းပညာ၊ အရင်းအနှီးနှင့် စီမံခန့်ခွဲမှု အတွေ့အကြုံစသည်များနှင့် ပေါင်းစပ်လိုက်မည်ဆိုလျှင် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိစေမည့် (Win-Win) စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များအကြား ချိတ်ဆက်မှုများ ပိုမိုအားကောင်းပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများနှင့် ရလဒ်ကောင်းများ ပိုမိုခိုင်မြဲစွာ တိုးတက်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ဖိုရမ်သို့ တက်ရောက် လာကြသူများသည် "မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်" တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး ပြခန်းအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည် မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်မှ ပြန်လည်ထွက်ခွာရာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ လိုက်ပါစီးနင်းမည့် အထူးယာဉ်တန်း နေရာအထိ ရင်းရင်းနှီးနှီး လိုက်ပါနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညနေပိုင်းတွင် ထိုင်းနိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင်များ စုပေါင်းအဖွဲ့အား ခေတ္တတည်းခိုလျက်ရှိသည့် ဟိုတယ်ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၆**

ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ (Recreation Center)၌တက္ကသိုလ်အားကစားပွဲများ၊အနုပညာအသင်းအဖွဲ့များ၊ ဆိုင်ခန်းများ၊ အပန်းဖြေနားနေရန်ထိုင်ခုံများဖြင့် စည်ကားနေစေရေး မွမ်းမံရန် လိုအပ်သည်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တက္ကသိုလ် အင်းဝစားသောက်ဆိုင်တန်းကို ကြည့်ရှုစစ်ဆေးပြီး ဥပဓိရုပ်ကောင်းမွန်ရေး၊ ဆိုင်ခန်းများ စနစ်တကျဖွင့်လှစ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ ရောင်းချရေးတို့ကို မှာကြားသည်။

ထို့အတူ သထုံလမ်း အားကစားရုံ၌ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကျန်းမာရေး လေ့ကျင့်ခန်း ပြုလုပ်နိုင်ရန် ပြုပြင်မွမ်းမံနေမှု၊ ဒဂုံတက္ကသိုလ် အဝင်မုခ်ဦး၊ ပတ္တမြားအဝိုင်း၊ Theatre နှင့် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြံ့ခိုင်ရေး ပြုပြင်မွမ်းမံဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) ရောက်ရှိ




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝိုနှင့် တာဝန်ရှိသူများက ဗန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းဘုရင့်တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ခရီးဦးကြိုဆိုကြစဉ်။

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလွင်၊ ဦးခင်မောင်စိုး၊ ဦးထွန်းအုံ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် ဗန်ကောက်မြို့ ဒွန်မောင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆို နှုတ်ဆက်ကြသည်။

**ခရီးဦးကြိုဆို**

ထိုသို့ကြိုဆိုစဉ် ထိုင်းဘုရင့် တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် ဓလေ့ထုံးစံစဉ်လာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူ အလေးပြု၍လည်းကောင်း၊ ဂုဏ်ပြု အမြောက်တပ်ဖွဲ့က အမြောက် ၂၁ ချက်ပစ်ဖောက်၍ လည်းကောင်း ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ခရီးဦး ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ထိုင်းနိုင်ငံခရီးစဉ်တွင် လိုက်ပါလာသည့် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Akanat Promphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ခေတ္တတည်းခိုသည့် ဟိုတယ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် အတူ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး တက်ရောက်ပြီး ထိုင်းနိုင်ငံ စွမ်းအင် ဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ မကြာမီ ရေးထိုးသွားနိုင်မည့် အခြေအနေ များ၊ မြန်မာနိုင်ငံ၏ အားကောင်းသော သဘာဝဓာတ်ငွေ့စီမံကိန်း များတွင် ထိုင်းနိုင်ငံမှကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင် ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကွန်ရက်စနစ် ပိုမို ကြံ့ခိုင် ကောင်းမွန်စေရေးနှင့် တိုးချဲ့တည်ဆောက်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်း နိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် အဖွဲ့ဝင် များအား ရင်းရင်းနှီးနှီးနှုတ်ဆက် ခဲ့ပြီး မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံနိုင် မည့် အခွင့်အလမ်းများ ပေးအပ် ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘက်စုံဖွံ့ဖြိုးတိုးတက်သော လူငယ်များဖြစ်လာစေရေး ကရင်ပြည်နယ်အတွင်း အားကစားနည်းသင်တန်းများဖွင့်လှစ်

**ဘားအံ ဩဂုတ် ၆**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်သောလူငယ်များဖြစ်လာစေရေး လူငယ်ရေးရာဆိုင်ရာ ကဏ္ဍ(၁၆)ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားကစားကဏ္ဍ၌ သက်ဆိုင်ရာဌာနများပူးပေါင်း၍ ကရင်ပြည်နယ်အတွင်း အားကစားနည်းသင်တန်းများ ဖွင့်လှစ်လျက်ရှိသည်။

ထိုသို့ဖွင့်လှစ်လျက်ရှိရာ ကရင်ပြည်နယ်လူငယ်ရေးရာကော်မတီ၏ကြီးကြပ်မှုဖြင့် ကရင်ပြည်နယ်စားပွဲတင်တင်းနစ်ဆပ်ကော်မတီနှင့် ဘားအံတက္ကသိုလ်တို့ပူးပေါင်း၍ စားပွဲတင် တင်းနစ်အားကစားနည်းသင်တန်းကို ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၅ ရက်အထိ ကျောင်းဆင်းချိန် ညနေ ၃ နာရီခွဲမှ ၅ နာရီခွဲထိ စာသင်ချိန် မထိခိုက်စေဘဲ ဖွင့်လှစ်ပြီး ဘားအံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ သင်တန်းသား ၃၀၊ သင်တန်းသူ ခြောက်ဦး စုစုပေါင်း ၃၆ ဦး တက်ရောက်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲကို ဘားအံတက္ကသိုလ်ကရင်ပြည်နယ်လူငယ်စင်တာ၌ ကျင်းပရာ ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးဝင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ လူငယ်ရေးရာကော်မတီဝင်များ၊ ဘားအံတက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲစဉ်ကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ခေတ္တပြည်နယ်ဝန်ကြီးချုပ်က ဘားအံတက္ကသိုလ်အတွက် အားကစားပစ္စည်းနှင့် အားကစားဝတ်စုံများ ပေးအပ်ချီးမြှင့်၍ ဘားအံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံသို့ သွားရောက်သည့် တရားဝင်ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်တို့၏ ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်မှ ၇ ရက်အထိ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များသည် ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။

၂။ နှစ်နိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကာလရှည်ကြာ တည်ရှိခဲ့သော ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အိမ်နီးချင်းကောင်းပီသမှုတို့ကို အားရကျေနပ်မှုများဖြင့် ဖော်ပြခဲ့ကြပြီး နှစ်နိုင်ငံနှင့် ဒေသတွင်း အပြန်အလှန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘုံသာယာဝပြောရေးအတွက် အပြန်အလှန် အကျိုးစီးပွားများ ဖြစ်ထွန်းစေသည့်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၃။ နှစ်နိုင်ငံခေါင်းဆောင်များသည် အဓိကကျသည့် အောက်ပါကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့သည်-

**၃.၁ နိုင်ငံရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု**

၃.၁.၁ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင်(Joint Commission–JC) ကို ဆောလျင်စွာ ကျင်းပနိုင်ရေးအပါအဝင် ကဏ္ဍပေါင်းစုံ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရန် အဆင့်တိုင်းတွင် တွေ့ဆုံဆွေးနွေးမှုများနှင့် အပြန်အလှန် အဆင့်မြင့်ခရီးစဉ်များကို ပိုမိုလေးနက်ခိုင်မာစွာ ဆောင်ရွက်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။ နိုင်ငံရေးရာ ညှိနှိုင်းဆွေးနွေးပွဲ (political consultations)၊ မြန်မာနိုင်ငံ၏ သံတမန်သစ်များနှင့် အလယ်အလတ်အဆင့် သံတမန်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ၊ နှစ်နိုင်ငံသံတမန်များ အပြန်အလှန် စေလွှတ်ရေး အစီအစဉ်များမှတစ်ဆင့် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများ အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး၊ မြန်မာသံတမန်သင်တန်းကျောင်း(MDA)နှင့် ထိုင်းနိုင်ငံ Devawongse Varopakarn Institute of Foreign Affairs (DVIFA) တို့အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအပေါ် ကြိုဆိုခဲ့ကြသည်။

၃.၁.၂ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတွင် ခိုင်မာပြီး ကာလရှည်ကြာတည်ရှိခဲ့သည့် မိတ်ဖက်ဆက်ဆံရေးကို နှစ်ဖက်စလုံးက ကြိုဆိုခဲ့ကြပြီး ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၁ ရက်အထိ ကျိုင်းတုံမြို့၌ ကျင်းပခဲ့သည့် (၃၈) ကြိမ်မြောက်ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး (Regional Border Committee – RBC) အပါအဝင် သက်ဆိုင်ရာနှစ်နိုင်ငံယန္တရားများမှတစ်ဆင့် စဉ်ဆက်မပြတ် ဖြစ်ပေါ်တိုးတက်မှုများအပေါ် ကျေနပ်အားရစွာဖြင့် မှတ်သားခဲ့ကြသည်။ (၉)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ (9th High-Level Committee-HLC) အစည်းအဝေး ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှ ၂၁ ရက်အထိ ဗန်ကောက်မြို့တွင် ကျင်းပနိုင်ရန် မျှော်မှန်းခဲ့ကြသည်။

၃.၁.၃ နှစ်နိုင်ငံအကြား မဟာဗျူဟာအဆင့်တွင် လုံခြုံရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ်တို့အကြား ကျင်းပမည့်လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲ(Security Dialogue)ကို နှစ်ဖက်စလုံးက ကြိုဆိုခဲ့ကြသည်။

၃.၁.၄ နှစ်နိုင်ငံပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပိုမိုကောင်းမွန်သည့် လူမှုဘဝအခြေခံလိုအပ်ချက်များရရှိရေးတို့ကို ဖော်ဆောင်ပေးနိုင်ရန် မြန်မာ-ထိုင်းနယ်စပ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဖော်ဆောင်မည့် ပူးတွဲကတိကဝတ်ကို နှစ်ဖက်စလုံးက ဖော်ပြခဲ့ကြသည်။

၃.၁.၅ နိုင်ငံဖြတ်ကျော်မှုခင်းများ အထူးသဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များကို တိုက်ဖျက်ရာတွင် ပူးတွဲကြိုးပမ်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။ ထို့ပြင် နိုင်ငံဖြတ်ကျော်မှုခင်းကွန်ရက်များ၏ ငွေကြေးစီးဆင်းမှုများကို ဖြတ်တောက်ဟန့်တားရေး ပူးတွဲဆောင်ရွက်မှုများနှင့် သတင်းအချက်အလက်မျှဝေမှုများမှတစ်ဆင့် မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက်ရှိ အွန်လိုင်းလိမ်လည်မှုစင်တာများကို နှိမ်နင်းရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။ အထူးသဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များမှတစ်ဆင့် နှစ်နိုင်ငံငွေကြေးခဝါချမှု တိုက်ဖျက်ရေးအာဏာပိုင်များအကြား ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရေး တည်ဆောက်သွားရန် သဘောတူညီခဲ့ကြသည်။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး သတင်းအချက်အလက်များ မျှဝေမှုကို လွယ်ကူချောမွေ့စေရန်အတွက် မြန်မာနိုင်ငံ၏ Egmont Group အဖွဲ့ဝင်ဖြစ်ရေးကို ထိုင်းဘက်မှ ဆက်လက်ထောက်ခံကြောင်း ဖော်ပြခဲ့သည်။ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ တားဆီးကာကွယ်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်ရာတွင် ခိုင်မာအားကောင်းစေရေးအတွက် ကတိကဝတ်များကို နှစ်နိုင်ငံခေါင်းဆောင်များက ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၃.၁.၆ နှစ်နိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်နှင့် ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်တို့အကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းခဲ့ကြသည်။

**၃.၂ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု**

၃.၂.၁ နှစ်နိုင်ငံ ကုန်သွယ်မှု ရည်မှန်းချက်၊ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံအထိ ရရှိစေရေးအတွက် နှစ်ဖက်စလုံးက နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့ရေးတို့ကို ဆောင်ရွက်နိုင်ရန် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူညီခဲ့ကြသည်။ ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားရှိသည့် (၈)ကြိမ်မြောက် ပူးတွဲကုန်သွယ်ရေးကော်မရှင်အစည်းအဝေးတွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပိုမိုချောမွေ့စွာစီးဆင်းနိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခက်အခဲများနှင့် အခြားအခက်အခဲများကို ဖြေရှင်းရန် နှစ်နိုင်ငံခေါင်းဆောင်များက ကြိုဆိုခဲ့ကြသည်။ တရားဝင်နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ အဆင်ပြေချောမွေ့စေရေးအတွက် နည်းလမ်းများကို ရှာဖွေရန် သက်ဆိုင်ရာ အာဏာပိုင်များအား တိုက်တွန်းအားပေးဆောင်ရွက်သွားရန်လည်း ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

၃.၂.၂ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည့် အမှတ်-၂ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား (မြဝတီ-မဲဆောက်) နယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်ခဲ့မှုကို ကြိုဆိုခဲ့ကြသည်။ နှစ်ဖက်စလုံးက နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် ဆက်သွယ်ချိတ်ဆက်မှုကို မြှင့်တင်စေမည့် သတ်မှတ်ထားသော နယ်စပ်ဂိတ်မှတစ်ဆင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုကို လွယ်ကူချောမွေ့လျင်မြန်စေရန် နည်းလမ်းများဆွေးနွေးခဲ့ကြသည်။ နှစ်ဖက်စလုံးသည် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံသဘောတူညီချက်နှင့် မြေပြင်လုံခြုံရေးအခြေအနေအပေါ်မူတည်၍ ကျန်ရှိနေသည့် နယ်စပ်ဂိတ်/ကုန်သွယ်ရေးဂိတ်များကို ပြန်လည်ဖွင့်လှစ်နိုင်ရေး စဉ်းစားရန် သဘောတူညီခဲ့ကြသည်။

၃.၂.၃ နှစ်နိုင်ငံခေါင်းဆောင်များသည် အဆင့်မြှင့်တင်ထားသည့် သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ချိတ်ဆက်မှုများမှတစ်ဆင့် လမ်းပန်းဆက်သွယ်ရေးကွန်ရက်များကို ခိုင်မာအားကောင်းစေရေး ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ ကုန်းလမ်း၊ ပင်လယ်ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများ ပါဝင်သော ဘက်စုံပို့ဆောင်ဆက်သွယ်ရေး (Multi-modal Connectivity) ချိတ်ဆက်မှုအစီအစဉ်တစ်ခုလုံးကို ပေါင်းစပ်ညှိနှိုင်းရန်နှင့် နှစ်နိုင်ငံ ပြည်တွင်းဥပဒေများနှင့်အညီ သင့်လျော်သည့်နေရာတွင် နှစ်နိုင်ငံ၏ သက်ဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ ဟန်ချက်ညီစေရန်တို့အတွက် "မြန်မာ-ထိုင်းအကြား လမ်းပန်းဆက်သွယ်ရေး ကွန်ရက်မြှင့်တင်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့"ထူထောင်ရေး၏ အရေးပါမှုကို ဖော်ပြခဲ့ကြသည်။ အနာဂတ်ဆွေးနွေးမှုနယ်ပယ်များတွင် နှစ်နိုင်ငံစလုံး၏ နှစ်ဖက်သဘောတူညီချက်၊ သက်ဆိုင်ရာဖြစ်နိုင်ခြေလေ့လာမှုများ၊ သက်ဆိုင်ရာ ပြည်တွင်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရနောင်းဆိပ်ကမ်းနှင့် မြန်မာနိုင်ငံရှိ သင့်လျော်သည့် ဆိပ်ကမ်းများအကြား နှစ်ဖက်အကျိုးရှိသည့် ပင်လယ်ရေကြောင်း ဆက်သွယ်ရေး၊ အလားအလာရှိသော စီးပွားဖြစ်ကမ်းရိုးတန်း ရေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုများ မြှင့်တင်ရေး၊ ဖူနမ်ရွှမ်-ထီးခီး-ထားဝယ်သယ်ယူပို့ဆောင်ရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေး၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းအဆင့်မြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော် ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးနှင့် နယ်စပ်တစ်လျှောက် သင့်လျော်သည့် အထူးစီးပွားရေးဇုန်များနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းနေရာများ ဖော်ဆောင်ရေးတို့ ပါဝင်ပါသည်။ ထိုသို့ကြိုးပမ်းမှုများက နှစ်နိုင်ငံစလုံးနှင့် ပိုမိုကျယ်ပြန့်သည့် ဒေသအတွင်း ကုန်သွယ်မှုမြှင့်တင်ရန်၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းနေရာများ အဆင်ပြေစေရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရန်၊ ချိတ်ဆက်မှုခိုင်မာစေရန် မျှော်မှန်းပါသည်။ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်းနိုင်ငံ အိမ်နီးချင်းနိုင်ငံများ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကူညီပေးရေးအေဂျင်စီ(NEDA)၏ ကူညီပံ့ပိုးမှုကိုလည်း နှစ်နိုင်ငံခေါင်းဆောင်များက ကြိုဆိုခဲ့ကြသည်။

၃.၂.၄ နှစ်ဖက်စလုံးသည် စွမ်းအင်ဖူလုံရေးကို မဟာဗျူဟာမြောက် ဦးစားပေး ကိစ္စရပ်အဖြစ် အသိအမှတ်ပြုခဲ့ကြပြီး စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန်၊ အထူးသဖြင့် တည်ငြိမ်၍ ယုံကြည်စိတ်ချရသော စွမ်းအင်အထောက်အပံ့ကို အာမခံချက်ရှိရန်နှင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်နိုင်ရန်အတွက် သဘာဝဓာတ်ငွေ့သယံဇာတများ ဖွံ့ဖြိုးတိုးတက်ရေး ရှာဖွေတူးဖော်မှု တိုးမြှင့်သွားရန် ထပ်လောင်းအတည်ပြုခဲ့ကြသည်။ နှစ်ဖက်စလုံးက နှစ်နိုင်ငံစွမ်းအင်ဖူလုံမှုနှင့် အပြန်အလှန်အကျိုးစီးပွားကို မြှင့်တင်ရန် ရှိရင်းစွဲစီမံကိန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး အထောက်အပံ့ပေးရန်နှင့် အနာဂတ်စီမံကိန်းများနှင့် ပတ်သက်သည့် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန် သဘောတူညီခဲ့ကြသည်။

၃.၂.၅ နှစ်ဖက်စလုံးသည် နှစ်နိုင်ငံအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအသစ်နှင့် အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်တို့ လက်မှတ်ရေးထိုးခဲ့ခြင်းကိုလည်း ကြိုဆိုခဲ့ကြသည်။

စာမျက်နှာ ၁၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

၃.၂.၆ နှစ်နိုင်ငံ ခေါင်းဆောင်များသည် နှစ်နိုင်ငံပုဂ္ဂလိကကဏ္ဍများအကြား ကွန်ရက်ချိတ်ဆက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် ဗန်ကောက်မြို့၌ မြန်မာ-ထိုင်း စီးပွားရေးဖိုရမ်ကျင်းပခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ထိုင်း-မြန်မာ စီးပွားရေးကောင်စီ (TMBC)၊ မြန်မာနိုင်ငံ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း (TBAM) တို့အပါအဝင် ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများအကြား ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံကြရန်နှင့် နယ်စပ်ဒေသများရှိ ဒေသဆိုင်ရာ ကုန်သည်ကြီးများအသင်းများအကြား တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းခဲ့ကြသည်။

၃.၃ **သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု**

၃.၃.၁ နှစ်နိုင်ငံခေါင်းဆောင်များသည် မီးခိုးမြူညစ်ညမ်းမှု၊ လေဟာပြင်မီးရှို့ခြင်းနှင့် ရေညစ်ညမ်းမှုတို့အပါအဝင် နယ်စပ်ဖြတ်ကျော် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရန် ၎င်းတို့၏ ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၃.၃.၂ နှစ်ဖက်စလုံးသည် တောမီးလောင်ကျွမ်းမှုလေ့လာစောင့်ကြည့်ရေးစနစ်နှင့် လေ့ကျင့်ရေးသင်တန်းများ တိုးတက်စေမှုမှတစ်ဆင့် အပါအဝင် တောမီးလောင်ကျွမ်းမှု တားဆီးကာကွယ်ရေးလုပ်ငန်းတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုခဲ့ကြသည်။ ထို့အပြင် ထိရောက်ပြီး ရေရှည်တည်တံ့သော ဖြေရှင်းမှုများကို တိုးမြှင့်လုပ်ဆောင်ရာတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး (၃)နိုင်ငံ ပူးတွဲလုပ်ငန်းစီမံချက်(CLEAR Sky Strategy)နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အပါအဝင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ စဉ်ဆက်မပြတ် သတင်းအချက်အလက်များ မျှဝေရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့၏ အရေးပါမှုကို အလေးထားပြောကြားခဲ့ပါသည်။

၃.၃.၃ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား နယ်နိမိတ်နှင့် နယ်စပ်ဖြတ်ကျော်မြစ်များ ရေအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန် (TOR)အား လက်မှတ်ရေးထိုးခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။ သက်ဆိုင်ရာဌာနများအနေဖြင့် ရေအရည်အသွေးစီမံခန့်ခွဲမှုနယ်ပယ်တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ပူးတွဲလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ဆောလျင်စွာနှင့် နှစ်ဖက်အဆင်ပြေမည့်အချိန်တွင် ကျင်းပရန် တာဝန်ပေးအပ်ခဲ့ကြသည်။

၃.၄ **လူမှု-ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု**

၃.၄.၁ နှစ်နိုင်ငံခေါင်းဆောင်များက ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှု(people-to-people exchanges)သည် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား ကာလရှည် ချစ်ကြည်ရင်းနှီးမှု၏ အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ကြောင်း အလေးထား ပြောကြားခဲ့ကြသည်။ နှစ်ဖက်စလုံးက ၂၀၁၇ ခုနှစ် ခရီးသွားလာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ ဆက်လက်အကောင်အထည်ဖော်ခြင်းကို ကြိုဆိုခဲ့ကြပြီး သတင်းအချက်အလက်များနှင့် အလေ့အကျင့်ကောင်းများ အပြန်အလှန်မျှဝေရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ခရီးသွားဧည့်သည်များ၏ ဘေးကင်းလုံခြုံရေးနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့မှတစ်ဆင့် သက်ဆိုင်ရာ ခရီးသွားလာရေးကဏ္ဍ တာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် သဘောတူညီခဲ့ကြသည်။

၃.၄.၂ နှစ်ဖက်စလုံးသည် (၁၇)ကြိမ်မြောက် ထိုင်း-မြန်မာ နည်းပညာပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား မြန်မာ-ထိုင်း ၃ နှစ်တာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်(၂၀၂၆-၂၀၂၈) အတည်ပြုချမှတ်ရေးကို မျှော်မှန်းခဲ့ကြသည်။ မြန်မာ-ထိုင်း ၃ နှစ်တာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် နှစ်နိုင်ငံ အပြန်အလှန်အကျိုးစီးပွားအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရေး ကတိကဝတ်ကို ထင်ဟပ်စေသည်။

၃.၄.၃ ခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား ချိတ်ဆက်သွားလာမှုကို ပိုမိုကောင်းမွန်စေပြီး ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးအပြန်အလှန်ဆက်သွယ်မှုများကို ပိုမိုမြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် ထိုင်းလေကြောင်းလိုင်းမှ ဗန်ကောက်-ရန်ကုန် လေကြောင်းခရီးစဉ် ထပ်မံတိုးချဲ့ပြေးဆွဲရန် စတင်မှုအားလည်း ကြိုဆိုခဲ့ကြသည်။

၃.၄.၄ နှစ်နိုင်ငံခေါင်းဆောင်များက ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေးနည်းပညာနှင့် ယင်း၏ အသုံးချမှုများ၊ အထူးသဖြင့် ဘေးအန္တရာယ်၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် မြန်မာအာကာသအေဂျင်စီ(MSA)နှင့် ထိုင်းနိုင်ငံ Geo-Informatics နှင့် အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ(Geo-Informatics and Space Technology Development Agency -GISTDA)တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းကို ကြိုဆိုခဲ့ကြသည်။

၄။ **ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်မှု**

၄.၁ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘုံအကျိုးစီးပွားမြှင့်တင်ရေးတို့အတွက် အာဆီယံ၊ ဘင်းမ်စတက် (BIMSTEC)၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(ACMECS)နှင့် မဲခေါင်ဒေသယန္တရားများအပါအဝင် ဒေသတွင်းမူဘောင်များမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်ပံ့ပိုးကူညီရေးတို့ကို တိုးမြှင့်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြသည်။

၄.၂ မြန်မာနိုင်ငံမှ ACMECS ဥက္ကဋ္ဌတာဝန်ယူမှုအတွက် ထိုင်းနိုင်ငံက အစဉ်တစိုက် ထောက်ခံအားပေးမှုကို ထပ်လောင်းဖော်ပြခဲ့ပြီး ကျင်းပရန်ရှိသည့် (၁၁)ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရေး မျှော်မှန်းခဲ့ကြသည်။

၄.၃ အာဆီယံ ပဋိညာဉ်စာတမ်း၊ မူများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဆီယံယန္တရားများနှင့် လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံ၏ အပြည့်အဝတန်းတူညီမျှ ပါဝင်ခွင့်ရရှိရေးအတွက် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာ ဆက်လက်လုပ်ဆောင်သွားရန်နှင့် ကူညီသွားရန် ထပ်လောင်းအတည်ပြုခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးရာတွင် ထိုင်းနိုင်ငံ၏ အပြုသဘောဆောင်သော အခန်းကဏ္ဍကို ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့သည်။

၅။ **အခြားကိစ္စရပ်များ**

မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းမှတစ်ဆင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ တိုးမြှင့်ဆောင်ရွက်ရေးအပေါ် မြန်မာနိုင်ငံ၏ ဆက်လက်ကတိကဝတ်ထားရှိမှုကို ထိုင်းနိုင်ငံက ကြိုဆိုခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နီးကပ်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိခြင်းကိုလည်း မြန်မာနိုင်ငံက ကြိုဆိုခဲ့သည်။

၆။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ တရားဝင်ခရီးစဉ်သည် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံအကြား ကာလရှည်ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သော မိတ်ဖက်ဆက်ဆံရေး၊ နှစ်နိုင်ငံအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် နှစ်နိုင်ငံစလုံး၏ အပြန်အလှန် ဘုံကတိကဝတ်တို့ကို ထပ်လောင်းအတည်ပြုနိုင်ခဲ့သည်။ အဆင့်အားလုံးတွင် နီးကပ်သော ထိတွေ့ဆက်ဆံမှုများကို ဆက်လက်လုပ်ဆောင်သွားရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြသည်။

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတက ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အပေါ် နွေးထွေးစွာ ဧည့်ဝတ်ကျေပွန်ခဲ့မှုများအတွက် ထိုင်းတော်ဝင်အစိုးရအား လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ပြီး ထိုင်းဘုရင့်နိုင်ငံ၊ ဝန်ကြီးချုပ်အား နှစ်ဖက်စလုံး အဆင်ပြေမည့်ကာလ၌ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားခဲ့သည်။

***********

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

မုံရွာ ဩဂုတ် ၆

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ လွှတ်တော်အဆောက်အအုံ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ဘုတလင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်မင်းကျော်သူက "နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် မိမိတို့အသက်ကို ပဓာနမထားဘဲ နယ်မြေဒေသလုံခြုံတည်ငြိမ်အေးချမ်းရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းလုံခြုံရေးတပ်ဖွဲ့ဝင်များကို အပြည့်အဝထောက်ခံကြောင်း" အရေးကြီးအဆိုတင်သွင်းရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက ထောက်ခံဆွေးနွေးသည်။

အဆိုပါအရေးကြီးအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့ပြင် ကြယ်ပွင့်ပြထားသည့် မေးခွန်းရှစ်ခုကို လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးက မေးမြန်းကြရာ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်ဝန်ကြီးများက ဖြေကြားပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union-MPU) ဖွဲ့စည်းခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြမှတ်တမ်းတင်ကြောင်းနှင့် ရွှေဘိုမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) Dr.သောင်းနိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော်မှ ဝမ်းမြောက်ဂုဏ်ယူမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကလောစာတိုက်(ဟောင်း)၊ ကလောရေကူးကန်နှင့် နားနေစခန်း(ကလောကလပ်)တို့ကို ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများအဖြစ် ကြေးပြားကမ္ပည်းမော်ကွန်းတပ်ဆင်

ကလော သြဂုတ် ၆

ကလောမြို့သည် ခရီးသွားဧည့်သည်များ လာရောက်လေ့လာလည်ပတ်လေ့ရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ရာ ကလောမြို့ရှိ ရှေးဟောင်း အဆောက်အအုံများဖြစ်သည့် ကလောစာတိုက်(ဟောင်း)၊ ကလောရေကူးကန်နှင့် နားနေစခန်း (ကလောကလပ်)တို့ကို ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများ အဖြစ်သတ်မှတ်ခဲ့ပြီး ယနေ့တွင်ကြေးပြားကမ္ပည်းမော်ကွန်း တပ်ဆင်ခဲ့ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မောမြေဦးပန်းခြံ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ ကြေးပြားကမ္ပည်းမော်ကွန်း တပ်ဆင်ပွဲများတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ပြီး နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သည့်အတွက် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း ပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ အမွေနံ့သာရည်များ ပက်ဖျန်း၍ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးသည်။

ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာနှင့် အနုပညာလက်ရာတန်ဖိုးမြင့်မားပြီး နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်သင့်သည့် နှစ်(၁၀၀) နှင့်အထက် သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံပေါင်း ၆၁၀၅ လုံးကို ဥပဒေ၊ နည်းဥပဒေအရ သတ်မှတ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ရှမ်းပြည်နယ်တွင် ရှေးဟောင်းအဆောက်အအုံ ၂၃ လုံးအနက် ကြေးပြား ကမ္ပည်းမော်ကွန်းကပ်ထားပြီး ခုနစ်ခု၊ ယနေ့ နှစ်ခုအပါအဝင် စုစုပေါင်း ကိုးခုရှိပြီဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နှစ်ပေါင်း(၁၀၀) ကျော်သက်တမ်းရှိသော ရှေးဟောင်းအဆောက်အအုံ စာရင်းဝင် ကြေးပြား ကမ္ပည်းမော်ကွန်း တပ်ဆင်ထားသည့် အဆောက်အအုံများနှင့် ၁၉၁၅ ခုနှစ်က စတင်တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး နှစ်ပေါင်း (၁၁၁) နှစ် သက်တမ်းရှိ ကြေးပြား ကမ္ပည်းမော်ကွန်း တပ်ဆင်ထားသည့် ကလောဘူတာကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ ခိုင်မြဲအောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊ ကလောမြို့သို့ ပြည်တွင်းပြည်ပခရီးသွားများ မီးရထားဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး မှာကြားသည်။

ထို့ပြင် ကလောမြို့ နိုင်ငံပိုင် Kalaw Heritage Hotel ကို ကြည့်ရှုစစ်ဆေးပြီး ဒေသထွက် လက်မှုအနုပညာ ပစ္စည်းများ ခင်းကျင်းထားရှိ၍ ဒေသထွက် ရိုးရာအစားအစာများကို အဆင့်အတန်းမီစွာ ချက်ပြုတ်ပြင်ဆင်ရေး၊ ဟိုတယ်ရှိ ရှေးဟောင်းအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး အဆင့်အတန်းမီ ဟိုတယ်ဖြစ်စေရန် ကြိုးစားဆောင်ရွက်ရေး မှာကြားပြီး သဘာဝအခြေခံ စွန့်စားအပန်းဖြေခရီးသွားလုပ်ငန်း ဖော်ဆောင်လျက်ရှိသည့် Kalawe Adventure Park နှင့် မောမြေဦးပန်းခြံ အဆင့်မြှင့်တင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီအစည်းအဝေး(၁/၂၀၂၆) ကျင်းပ

နေပြည်တော် သြဂုတ် ၆

လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ထိရောက်စွာ စီမံခန့်ခွဲရာတွင် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများသည် အဓိကကျပါကြောင်း၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအနေဖြင့် အရည်အသွေးပြည့်ဝစွာ အများပြည်သူသို့ ဝန်ဆောင်မှုပေးနိုင်ရန်၊ ကျင့်ဝတ်လိုက်နာမှု အားကောင်းစေရန်အတွက် ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဥပဒေ၊ နည်းဥပဒေများ ပိုမိုသိရှိနားလည်စေရေး ဆောင်ရွက်မှုများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီဥက္ကဋ္ဌက ပြောကြားသည်။



ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ ကျင်းပသည့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီအစည်းအဝေး(၁/၂၀၂၆)တွင် ကောင်စီဥက္ကဋ္ဌ ဒေါ်နိုင်သက်ဦးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် ရှေ့ကာလများတွင် ဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် "အလားအလာကောင်းသည့် စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် နိုင်ငံအတွင်းရှိ မိုက်ခရိုအသေးစားနှင့် အလတ်စားလုပ်ငန်းများ ငွေကြေးအခက်အခဲ ကြုံတွေ့ရသည့်အခါ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူများပေးခြင်း၊ လုပ်ငန်းများ ပြန်လည်ရှင်သန်ပြီး အလုပ်အကိုင်များ တည်မြဲစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ပေးရန်" နှင့်အညီ ပြန်လည်ထူထောင်ရေးဘက်ကို ဦးတည်သည့်လမ်းကြောင်းများ ဖွံ့ဖြိုးအောင်မြင်စေရေးအတွက် ကောင်စီအနေဖြင့် ဆောင်ရွက်သင့်သည်များ၊ လုပ်ဆောင်နိုင်သည့်နည်းလမ်းများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကောင်စီဝင်များနှင့် တက်ရောက်လာသူများက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ အမှုဆောင်ကော်မတီ၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီများ ပြင်ဆင်ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ အတည်ပြုမှတ်တမ်းတင်ရန်ကိစ္စရပ်များနှင့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ အရည်အသွေး တိုးတက်စေရေးနှင့် ဆောင်ရွက်လိုက်နာမှု ပိုမိုအားကောင်းစေရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဇဟိုဘဏ်ဥက္ကဋ္ဌနှင့်ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမောင်မောင်သန်း အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM) ရုံးချုပ် ဂျီနီဗာမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် သြဂုတ် ၆**

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းသည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ရုံးချုပ် ဂျီနီဗာမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ugochi DANIELS နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အလုပ်သမားဝန်ကြီးဌာနနှင့် International Organization for Migration (IOM) တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားရေးရာဆိုင်ရာကိစ္စရပ်များ၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ၏အချက်အလက်များနှင့် ပတ်သက်၍ ခိုင်မာသည့် Database System တည်ဆောက်ရာတွင် နည်းပညာပံ့ပိုးကူညီပေးနိုင်ရေးကိစ္စရပ်များ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား (Mutual Recognition of Skills-MRS) လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေးနိုင်ရေးကိစ္စရပ်များနှင့် ဝန်ကြီးဌာနမှ ဆောင်ရွက်စေလိုသည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# လွိုင်လင်မြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းများ စစ်ဆေး

လွိုင်လင် သြဂုတ် ၆

လွိုင်လင်မြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပင်လုံ-မက္ကန်းလန်း လမ်း(၀/၄)မိုင်၊ လဲချားလမ်းခွဲမှ ကျူယုံးလမ်း(၀/၂)မိုင်နှင့် ကျူယုံး-ဆင်တောင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း (၀/၆)မိုင်တို့ကို ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်သက်နိုင်နှင့်အဖွဲ့ဝင်များက ယမန်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **လွိုင်လင်မိုး**

# ပဲခူးတိုင်းဒေသကြီးအတွင်း တောင်သူများအတွက် တွက်ခြေကိုက်သည့် ဆီထွက်သီးနှံပဲပုပ်များကို နှစ်စဉ် ပြောင်းလဲအစားထိုးစိုက်ပျိုးနိုင်ရေး မြို့နယ်များအလိုက် စီမံသွားရန် တိုင်းဒေသကြီးဝန်ကြီးချုပ် မှာကြား

ပဲခူး ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီးအတွင်း တောင်သူများအတွက် တွက်ခြေကိုက်သည့် ဆီထွက်သီးနှံပဲပုပ်များကို နှစ်စဉ်ပြောင်းလဲအစားထိုးစိုက်ပျိုးနိုင်ရေး မြို့နယ်များအလိုက် စီမံသွားရန် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ မှာကြားသည်။

ထို့ပြင် ဒေသတွင်း စားရေရိက္ခာဖူလုံစေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သတ်မှတ်စီမံချက်ပါအတိုင်း တိုးချဲ့မွေးမြူနိုင်ရေး ကြိုးစားဆောင်ရွက်ရန်လည်း တိုက်တွန်းမှာကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ဒေသတွင်းနှင့် ပြည်ပသို့ တင်ပို့နေမှု၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်မည့် အစီအမံများ၊ မြို့နယ်အလိုက် မိုးသီးနှံစိုက်ပျိုးထားရှိမှုနှင့် ရေကြီးရေလျှံခြင်းနှင့် ရေရှားပါးမှုမဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ပဉ္စမအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာအချောထည် အရောင်းပြပွဲ ၂၀၂၆ ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာအချောထည် အရောင်းပြပွဲ ၂၀၂၆ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ကျင်းပသည်။

**ပြောကြား**

ပဉ္စမအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာအချောထည် အရောင်းပြပွဲ ၂၀၂၆ ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက မင်္ဂလာအောင်မောင်း တီးခတ်ကာ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(နေပြည်တော်) ဒုတိယဥက္ကဋ္ဌ(၁) ဦးဇော်ဘိုခန့်တို့က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဇင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အရောင်းပြပွဲကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပဉ္စမအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အချောထည် အရောင်းပြပွဲကို ၂၀၂၆ ခုနှစ် ဩဂုတ် ၆ ရက်မှ ဩဂုတ် ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# တီးတိန်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရသည့် ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိ

တီးတိန် ဩဂုတ် ၆

တီးတိန်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ရသည့် သမဝါယမဦးစီးဌာနပိုင် နှစ်ခန်းတွဲ RC တစ်ထပ် ဝန်ထမ်းအိမ်ရာကို အမျိုးသား သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၏ ရန်ပုံငွေဖြင့် ပြန်လည်ပြုပြင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။



ထိုသို့ ပြုပြင်တည်ဆောက်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေး စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရေး မှာကြားသည်။

ထို့ပြင် စကောလမ်းရပ်ကွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တီးတိန်မြို့ရှိ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများသည် တည်ငြိမ်အေးချမ်းရေးကို ဘုံရည်မှန်းချက်အဖြစ်ထားရှိ၍ အတူတကွ ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားကာ တီးတိန်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ရှောင်စောန်းစံပြကျေးရွာသို့ သွားရောက်၍ တာဝန်ရှိသူများအား ကျေးရွာအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူး(စကု)မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

မင်းဘူး ဩဂုတ် ၆

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကို မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကြာကန်ကျေးရွာ အောင်ဓမ္မာရုံ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ရွှေမင်းက အမှာစကားပြောကြားပြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာဦး၊ ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးကျော်လွင်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းထွန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ အိအိဆွေအောင်၊ ပညာရေးဦးစီးဌာန လက်ထောက်ပညာရေးမှူး ဦးလှတိုးတို့က သက်ဆိုင်ရာဌာနများအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**



# အောင်ဘာလေသိန်းဆုဌာနခွဲ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး



ရန်ကုန် ဩဂုတ် ၆

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမောင်မျိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်မြတ်ဆုသင်းက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများကို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှု

ဝေယံ

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရာတွင် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု (Unit Losses) လျော့နည်းရေးက အဓိကအချက်ဖြစ်ပါသည်။ လျှပ်စစ်ဌာန၏ ဝင်ငွေရရှိမှုအရှုံး၊ အမြတ်သည် ဓာတ်အားပျောက်ဆုံးမှု ရာခိုင်နှုန်းပေါ်တွင်လည်း မူတည်နေပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဓာတ်အားပျောက်ဆုံးမှုရာခိုင်နှုန်းမြင့်မားမှုတွင် တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အရေးပါသောအချက်တစ်ခုဖြစ်ပါသည်။**



ထိုင်းနိုင်ငံတွင် အိမ်သုံးမီတာများ တပ်ဆင်ထားမှုကို တွေ့ရစဉ်။

**ဓာတ်အားပျောက်ဆုံးမှု**

လျှပ်စစ်ဓာတ်အားထုတ်လုပ်သော စက်ရုံ၊ လျှပ်စစ်ဓာတ်အားခွဲရုံက ထုတ်လုပ်ပို့လွှတ်ပေးသော လျှပ်စစ်ဓာတ်အားယူနစ်ပေါင်းနှင့် ဓာတ်အားသုံးစွဲသူများထံမှ တောင်းခံရရှိသော လျှပ်စစ်ယူနစ်ပေါင်းတို့၏ ကွာခြားယူနစ်ပမာဏ၏ ရာခိုင်နှုန်းပင်ဖြစ်ပါသည်။ ပို့လွှတ်ပေးသော ယူနစ်ပေါင်းက ၁၀၀၀၀၀ ယူနစ်ဖြစ်ပြီး ပြန်လည်တောင်းခံရရှိသော ဓာတ်အားယူနစ်ပေါင်းသည် ၈၀၀၀၀ ယူနစ်ဖြစ်ပါက ပျောက်ဆုံးယူနစ် ၂၀၀၀၀ ယူနစ်ဖြစ်ပြီး ရာခိုင်နှုန်းဖြင့် တွက်ချက်ပါက ၂၀ ရာခိုင်နှုန်း ဓာတ်အားပျောက်ဆုံးမှုဖြစ်ပါသည်။ အဆိုပါ ၂၀ ရာခိုင်နှုန်းတွင် တရားမဝင်ဓာတ်အားသုံးစွဲမှုသည် ၁၀ ရာခိုင်နှုန်းကျော် ပါဝင်နိုင်ပါသည်။

**ဓာတ်အားပျောက်ဆုံးမှု ဘယ်နှမျိုးခွဲထားလဲ**

လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုကို အောက်ပါအတိုင်း နှစ်မျိုး ခွဲခြားထားပါသည် –

(က) **နည်းပညာပိုင်းဆိုင်ရာ ပျောက်ဆုံးမှု (Technical Losses)။** ဓာတ်အားသုံးစွဲသူထံမရောက်မီ လျှပ်စစ်ဓာတ်အားဖြတ်သန်းစီးဆင်းခဲ့ရသော ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းများ၊ စက်ပစ္စည်းများ၊ လျှပ်စစ်မီတာများ(ရပ်၊ ပျက်၊ နှေး) များကြောင့် ဓာတ်အားဆုံးရှုံးမှုပင်ဖြစ်ပါသည်။ နည်းပညာဆိုင်ရာ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရန်အတွက် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ အရည်အသွေးကောင်းရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ မီတာများစစ်ဆေးခြင်းနှင့် မီတာများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

(ခ) **နည်းပညာမဟုတ်သော ပျောက်ဆုံးမှု (Non–Technical Losses)။** အောက်ဖော်ပြပါ အချက်များကြောင့် ဖြစ်ပါသည် –

(၁) ဓာတ်အားလိုင်းနှင့် သစ်ပင်သစ်ကိုင်းများထိနေခြင်း၊

(၂) မီတာဖတ်မှုမမှန်ခြင်း၊

(၃) တရားမဝင်ဓာတ်အားသုံးစွဲခြင်း။

**ဓာတ်အားလိုင်းနှင့် သစ်ပင်သစ်ကိုင်းများ ထိနေခြင်း**

ဓာတ်အားလိုင်းကြိုးများနှင့် သစ်ပင်သစ်ကိုင်းများ ထိနေခြင်းကြောင့် လျှပ်စစ်ဓာတ်အားသည် သစ်ပင်သစ်ကိုင်းမှတစ်ဆင့် မြေကြီးသို့ စီးဝင်မှုဖြစ်ပြီး ဓာတ်အားဆုံးရှုံးမှုဖြစ်စေပါသည်။ လျှပ်စစ်ဌာနအနေဖြင့် ဓာတ်အားလိုင်းနှင့်ထိနေသော သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ Insulated Cover ပါသော လိုင်းကြိုးများ အသုံးပြုခြင်းများ ဆောင်ရွက်ရပါမည်။

**မီတာဖတ်မှုမမှန်ခြင်း**

မီတာဖတ်မှုမမှန်ခြင်းတွင် အောက်ပါအချက်များကြောင့်ဖြစ်ပါသည် –

(က) မီတာဖတ်ရာတွင် အိမ်ရှင်မရှိ၍ အိမ်အတွင်း၊ ခြံအတွင်း တပ်ထားသော မီတာများ မဖတ်နိုင်ခြင်းဖြစ်ပါသည်။

(ခ) မီတာဦးရေတိုးလာသော်လည်း ဝန်ထမ်းဖွဲ့စည်းပုံမတိုးခြင်းကြောင့် လျှပ်စစ်ရုံးများတွင် ယာယီနေ့စားဝန်ထမ်းများ ခန့်ထား၍ မီတာဖတ်ခြင်းများ ဆောင်ရွက်နေရသဖြင့် လုပ်ငန်းဆိုင်ရာအားနည်းမှု၊ စည်းကမ်းဖောက်ဖျက်မှုများကြောင့် ဖြစ်ပါသည်။

(ဂ) မြို့နယ်များတွင် အမျိုးအစားမတူသော မီတာများဖြစ်သည့် မျက်မြင်ဖတ်မီတာများ၊ OMR မီတာ (Remote ဖတ်မီတာ) နှစ်မျိုး၊ သုံးမျိုး ရောနှောတပ်ဆင်ထားခြင်းကြောင့် မီတာဖတ်စဉ်နှင့် Bill ထုတ်စဉ်တွင် မှားယွင်းမှု၊ အချိန်ကြန့်ကြာမှုများဖြစ်စေပါသည်။

**တရားမဝင်ဓာတ်အားသုံးစွဲခြင်း**

မီးသုံးသူများ၊ လုပ်ငန်းရှင်များက မိမိသုံးစွဲသည့် ဓာတ်အားယူနစ်အတိုင်း ကျသင့်ငွေကို ပေးဆောင်ရန်ဖြစ်ပါသည်။ အချို့မီးသုံးသူများ၊ လုပ်ငန်းရှင်များသည် မိမိအကျိုးအမြတ်ရရှိရေးအတွက် မသမာသောနည်းလမ်းများဖြင့် တရားမဝင်ဓာတ်အားသုံးစွဲမှုကို ဆောင်ရွက်နေကြခြင်းကြောင့် နိုင်ငံတော်၏ဝင်ငွေများစွာ ဆုံးရှုံးလျက်ရှိပါသည်။ တရားမဝင် ဓာတ်အားသုံးစွဲမှု ဆောင်ရွက်နေသော နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မီတာမလည်အောင်၊ မီတာလည်ပတ်မှုနှေးအောင် ဆောင်ရွက်ခြင်း။ (Analog မီတာများတွင် အများဆုံးပြုလုပ်ကြပါသည်။)

(ခ) မီတာမဝင်မီ လိုင်းကြိုးနေရာမှ မီးလိုင်းကိုဖောက်၍ အသုံးပြုခြင်း။

(ဂ) မီတာမရှိဘဲ ဓာတ်အားလိုင်းကြိုးမှချိတ်၍ အသုံးပြုခြင်း။

(ဃ) လမ်းမီးများ မီတာမရှိဘဲ ဓာတ်အားလိုင်းကြိုးမှချိတ်၍ အသုံးပြုခြင်း။ (နေ့ခင်းချိန်ပင် မပိတ်ဘဲထားမှုများရှိနေသည်။)

**စစ်ဆေးအရေးယူဆောင်ရွက်ခြင်း**

တရားမဝင် ဓာတ်အားသုံးစွဲမှုသည် လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးစဉ်ကာလကတည်းကပင် ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးစဉ်က လျှပ်စစ်မီတာများ ရှားပါးမှုကြောင့် မီတာကို အိမ်ခြံအတွင်း၊ အိမ်အတွင်း တပ်ဆင်လာခဲ့ကြရာ ယခုကာလအထိဖြစ်ပါသည်။ လူ့သဘော လူ့သဘာဝအရ **"လွယ်လျှင် သူကြွယ်ပင် လက်ဆော့"** ဆိုစကားအတိုင်း မသမာသောနည်းများဖြင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများရှိလာပြီး ဌာနကလည်း စစ်ဆေးအရေးယူမှုများလည်း ဆောင်ရွက်ခဲ့ကြပါသည်။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်တို့က စစ်ဆေးရေးအဖွဲ့များနှင့် စစ်ဆေးခြင်း၊ ရုံးချုပ်ကလည်း အထူးစစ်ဆေးရေးအဖွဲ့ဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကြပြီး ဒဏ်ကြေးနစ်နာကြေးများတောင်းခံခြင်း၊ တရားစွဲဆိုခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ သို့ရာတွင် မီတာကို ခြံတွင်း၊ အိမ်တွင်း တပ်ဆင်ထားခြင်းများတွင် စစ်ဆေးရေးအဖွဲ့များပြန်သွားသည်နှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုကို ပြန်လည်ပြုလုပ်လေ့ရှိကြသည်ကို တွေ့ခဲ့ကြသည်။ လျှပ်စစ်ဌာနက အရှုံးပေါ်၍ ဓာတ်အားခတိုးမြှင့်ကောက်ခံရာတွင် စည်းကမ်းလိုက်နာသော မီးသုံးစွဲသူများကသာ တိုးမြှင့်ပေးဆောင်ကြရပါသည်။

**တရားမဝင် ဓာတ်အားသုံးစွဲမှု လျော့နည်းစေရေး ဆောင်ရွက်ရန်**

တရားမဝင် ဓာတ်အားသုံးစွဲမှု လျော့နည်းစေရန်အတွက် ဓာတ်အားဖြန့်ဖြူးရေးဌာနများ၊ ကုမ္ပဏီများက အောက်ပါအချက်များကို ဆောင်ရွက်ကြပါသည်–

(က) **မီတာတပ်ဆင်မှုစနစ်။** မီတာတပ်ဆင်မှုစနစ် ကောင်းမွန်ပါက တရားမဝင် ဓာတ်အားသုံးစွဲမှုလျော့နည်းပြီး လူအင်အား (Manpower) အသုံးပြုနေရမှုကို များစွာလျှော့ချနိုင်ပါသည်။

(ခ) **Seal ခတ်ခြင်း။** မီတာအသစ်တစ်လုံး တပ်ဆင်ရာတွင် တရားမဝင် ဓာတ်အားသုံးစွဲခြင်းမှ ကာကွယ်ရန်အတွက် Meter Seal၊ Terminal Seal၊ Box Seal ဟူ၍ သုံးမျိုးခတ်ထားရပြီး Seal များတွင် Code နံပါတ် ၃ လုံးမှ ၅ လုံးအထိ ပါရှိပါသည်။ မီတာနံပါတ်၊ မီးသုံးစွဲသူလယ်ဂျာစာရင်းနှင့်တွဲ၍ Seal နံပါတ်များပါ တွဲမှတ်ထားရပါသည်။ ပုဂ္ဂလိက ထရန်စဖော်မာများ၏ ၄၀၀ ဗို့ အထွက်ငုတ် (LT bushing cover) များကိုလည်း Seal ခတ်ရပါသည်။ Seal များကိုလည်း လုံခြုံစိတ်ချရသောနေရာမှ သီးခြားမှာယူတင်သွင်းရပါသည်။ မီတာ Box Cover များမရှိပါက ပြန်လည်တပ်ဆင်ရပါသည်။

(ဂ) **ရပ်၊ ပျက်၊ နှေး မီတာများ။** ရပ်၊ ပျက်၊ နှေး မီတာများ ရှိ/မရှိကို ပုံမှန်စစ်ဆေးပြီး အမြန်ဆုံး လဲလှယ်တပ်ဆင်ပေးရပါမည်။ မီတာလဲရန်မရှိ၍ ပျမ်းမျှနှုန်းဖြင့် ကောက်နေမှုသည်လည်း ဓာတ်အားပျောက်ဆုံးမှုများစေပါသည်။

(ဃ) **မီတာပြတ်လပ်မှုမရှိရန်လိုအပ်။** မီတာလျှောက်ထားသူများအတွက် အချိန်ကြန့်ကြာမှုမရှိဘဲ တပ်ဆင်ပေးနိုင်ရန်၊ ရပ်၊ ပျက်၊ နှေး မီတာများ အမြန်ဆုံး လဲလှယ်နိုင်ရန်နှင့် သဘာဝဘေးဒဏ်ကြောင့် မီတာပျက်စီးမှုများကို အမြန်ဆုံး ပြုပြင်ပေးနိုင်ရန်အတွက် ဌာနအနေဖြင့် မီတာပြတ်လပ်မှုမရှိအောင် စတိုတွင် အမြဲရှိအောင် ဆောင်ရွက်ထားကြရပါသည်။ ကုန်ပစ္စည်းရောင်းသည့်ကုမ္ပဏီသည် ပစ္စည်းပြတ်လပ်မှုမရှိအောင် ဖြည့်ဆည်းပေးနေရသည့်နည်းတူ မီတာပြတ်လပ်မှုမရှိအောင် မီတာတပ်ဆင်ရငွေများကို သီးခြားစာရင်း (Other Account) ထားရှိပြီး ယင်းရငွေများဖြင့် ထပ်မံဝယ်ယူရပါသည်။ မီတာပြတ်လပ်မှုမရှိ ဖြည့်ဆည်းပေးနိုင်ပါက မသမာသူအချို့၏ တရားမဝင် မီတာဈေးကွက် ဆောင်ရွက်မှု၊ မီတာဖြုတ်ခိုး ရောင်းချခြင်းများ ပျောက်သွားမည်ဖြစ်ပါသည်။

(င) **မီတာကို အိမ်ခြံအပြင်တွင် တပ်ဆင်ခြင်း။** နိုင်ငံတကာတွင် မီတာများကို အိမ်ခြံဝင်းအပြင်ဘက်တွင် တပ်ဆင်ထားကြပါသည်။ အာဆီယံနိုင်ငံများဖြစ်သည့် ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူတို့တွင် မီတာများကို ခြံအပြင်တွင် တပ်ဆင်ထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အိမ်ခြံအပြင်တွင် တပ်ဆင်ခြင်းသည် မီတာဖတ်ရန်၊ မီတာစစ်ဆေးပြုပြင်ရန် လွယ်ကူခြင်း (အိမ်ပိတ်ခြံပိတ်မှု)၊ မီးသုံးသူအနေဖြင့် ဝန်ထမ်းအယောင်ဆောင်သူများ၏ ငွေလိမ်လည်မှု၊ လုယက်မှုများနှင့် ရောဂါကူးစက်မှုများ ကင်းရှင်းမှုများမှ ကာကွယ်ပေးနိုင်ပါသည်။

**❛မီတာကို အိမ်ခြံဝင်းအတွင်း ထားရှိခြင်းသည် တရားမဝင်လျှပ်စစ်ဓာတ်အားသုံးစွဲမှုအတွက် ဆောင်ရွက်ရန်လွယ်ကူမှုရှိပြီး ဖမ်းဆီးရမိရန်ခက်ခဲပါသည်။ စစ်ဆေးရေးအဖွဲ့ အသံကြားသည်နှင့် ခြံတံခါးမဖွင့်ပေးမီ ခြေရာလက်ရာဖျောက်ထားနိုင်ပါသည်။ မီတာများကို ခြံအပြင် အုတ်နံရံ၊ ဓာတ်တိုင်များတွင် တပ်ဆင်ထားခြင်းဖြင့် မီတာမဝင်မီ ဆားဗစ်ကြိုးမှဖောက်၍ တရားမဝင်ဓာတ်အားသုံးစွဲမှုကို မဆောင်ရွက်နိုင်တော့ခြင်း၊ ဆားဗစ်ကြိုး Losses ကိုပါ သက်သာစေပါသည်။ မီတာမဝင်ခင် ဆားဗစ်ကြိုးကဖောက်၍ သီးခြားချိတ်ဆက်အသုံးပြုခြင်းသည် မီတာမတပ်ဘဲ လိုင်းကိုချိတ်၍ အသုံးပြုနေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင် နိုင်ငံတကာတွင် မီတာများကို အိမ်ခြံဝင်းအပြင်တွင် တပ်ဆင်ထားကြ❜**

စာမျက်နှာ ၁၅ သို့ ❑

# ဒေါပုံမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် အမှတ် (၂)အခြေခံပညာ အလယ်တန်း ကျောင်းတွင် ကျောင်းသား ကျောင်းသူများအား ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါး အန္တရာယ် အကြောင်း အသိပညာပေး ဟောပြောပွဲကို ယနေ့ကျင်းပသည်။



ဦးစွာ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူး ဒေါက်တာ မျိုးမျိုးခိုင်က ကျောင်းသား ကျောင်းသူများအား ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးများနှင့်ပတ်သက်၍ ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး အကြောင်းအရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ် ဝဝန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ် ဝဝန်တာကျိုးပေါက်မှုနှင့် ဆက်စပ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို အခမ်းအနားဖြင့် လက်ခံမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် အခမ်းအနား ကျင်းပမည့်နေ့ရက်၊ နေရာ၊ အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပါသည်–

**ဆက်သွယ်ရန်များ**

(၁) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ
(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်၊ ဖုန်းအမှတ်များ (၀၉၂၀၂၁၄၉၁၊ ၀၉၂၅၄၁၇၀၀၁၁၊ ၀၉၄၃၀၅၄၈၄၄၊ ၀၉-၄၂၀၇၀၃၆၄၇)
(၃) ဗဟိုသိုလှောင်ရုံ(ရန်ကုန်)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်းအမှတ်များ (၀၉၂၅၀၁၂၃၈၈၅၊ ၀၉၄၂၀၇၄၀၁၆၀)
(၄) ဗဟိုသိုလှောင်ရုံ(မန္တလေး)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၆၅ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်းအမှတ်များ(၀၉၄၂၀၇၀၈၈၂၇၊ ၀၉၂၅၆၀၆၁၁၉၆)

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

❑ စာမျက်နှာ ၁၄ မှ

မီတာကို အိမ်ခြံဝင်းအတွင်း ထားရှိခြင်းသည် တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုအတွက် ဆောင်ရွက်ရန်လွယ်ကူမှုရှိပြီး ဖမ်းဆီးရမိရန်ခက်ခဲပါသည်။ စစ်ဆေးရေးအဖွဲ့ အသံကြားသည်နှင့် ခြံတံခါးမဖွင့်ပေးမီ ခြေရာလက်ရာဖျောက်ထားနိုင်ပါသည်။ မီတာများကို ခြံအပြင် အုတ်နံရံ၊ ဓာတ်တိုင်များတွင် တပ်ဆင်ထားခြင်းဖြင့် မီတာမဝင်မီ ဆားဗစ်ကြိုးမှဖောက်၍ တရားမဝင် ဓာတ်အားသုံးစွဲမှုကို မဆောင်ရွက်နိုင်တော့ခြင်း၊ ဆားဗစ်ကြိုး Losses ကိုပါ သက်သာစေပါသည်။ မီတာမဝင်ခင် ဆားဗစ်ကြိုးက ဖောက်၍ သီးခြားချိတ်ဆက်အသုံးပြုခြင်းသည် မီတာမတပ်ဘဲ လိုင်းကိုချိတ်၍ အသုံးပြုနေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင် နိုင်ငံတကာတွင် မီတာများကို အိမ်ခြံဝင်းအပြင်တွင် တပ်ဆင်ထားကြခြင်းလည်း ဖြစ်ပါသည်။

(စ) **ဝန်ထမ်းပိုင်း**။ တရားမဝင် ဓာတ်အားသုံးစွဲမှု လျော့နည်းစေရေးတွင် ဝန်ထမ်းများ စည်းကမ်းလိုက်နာမှု၊ တာဝန်သိမှုများရှိရန် လိုအပ်ပါသည်။ ဝန်ထမ်းများကို အသိပညာပေးခြင်း၊ ဝန်ထမ်းသက်သာချောင်ချိရေးများ ဆောင်ရွက်ပေးခြင်းများဖြင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးရပါမည်။ စည်းကမ်းဖောက်ဖျက်သော ဝန်ထမ်းများကိုလည်း အရေးယူအပြစ်ပေးရပါမည်။ ဆုပေး၊ ဒဏ်ပေးကို ဆောင်ရွက်ရပါမည်။

**Pilot Project စမ်းသပ်မှု**

နေပြည်တော် လယ်ဝေးမြို့၌ ၂၀၁၂ ခုနှစ်က Pilot Project ဖြင့် Analog မီတာအဟောင်းများနေရာတွင် OMR မီတာ (Off-side Meter Reading) စနစ်ဖြင့် တစ်မြို့လုံးလဲလှယ်ခဲ့ရာတွင် အိမ်ခြံအပြင် ဓာတ်တိုင်များတွင်ပါ တပ်ဆင်ခဲ့ပါသည်။ မီတာ တပ်ဆင်ပြီး ဓာတ်အားပျောက်ဆုံးမှုကို နှိုင်းယှဉ်ကြည့်ရာတွင် ယခင်က ၂၅ ရာခိုင်နှုန်းကျော်ရှိရာမှ ရပ်၊ ပျက်၊ နှေး မီတာများမရှိတော့ခြင်း၊ တရားမဝင် ဓာတ်အား သုံးစွဲမှုမရှိနိုင်တော့ခြင်းတို့ကြောင့် ၁၂ ရာခိုင်နှုန်းသာရှိတော့ကြောင်း တွေ့ရှိခဲ့ရပါသည်။ ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ခြင်းကြောင့် လစဉ်ဝင်ငွေ ၁၃ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပြီး မြို့တစ်မြို့၏ မီတာအသစ်လဲလှယ်မှု ကုန်ကျစရိတ်ကို တစ်နှစ်အတွင်း ရရှိစေပါသည်။

အဆိုပါ လယ်ဝေးမြို့ Pilot Project ပြီးနောက် မြို့ကြီးများတွင် Analog မီတာများနေရာတွင် OMR မီတာများဖြင့် အစားထိုး၍ ဓာတ်တိုင်များပေါ်တွင် တပ်ဆင်ခဲ့ကြခြင်းဖြစ်ပါသည်။ မီးသုံးစွဲသူများကိုလည်း Analog မီတာများနှင့် Digital မီတာများ မီတာတက်ယူနစ်တူညီကြောင်းကို လက်တွေ့စမ်းသပ်ပြခြင်း၊ ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ရိုးရိုးနာရီနှင့် Quartz နာရီ အချိန်မှန်မှု ဥပမာဖြင့် ရှင်းပြရခြင်း၊ Complain များကိုလည်း ကွင်းဆင်းမီတာဖတ်ပြခြင်းဖြင့် ဖြေရှင်းမှုများကို ဆောင်ရွက်ကြရသည်။ မီတာများကို ဖျက်ဆီးမှု မပြုနိုင်ရန်အတွက် တိုင်ပေါ်တွင် တင်ထားရခြင်း ဖြစ်ပါသည်။



ဗီယက်နမ်နိုင်ငံတွင် အိမ်သုံးမီတာများ တပ်ဆင်ထားမှုကို တွေ့ရစဉ်။

မီတာကိုမမြင်ရ၍ မီတာဖတ်မှုမမှန်ခြင်း မဟုတ်ပါ။ မီတာဖတ်ဝန်ထမ်းအခက်အခဲ၊ ဝန်ထမ်းစည်းကမ်းဖောက်မှုများကြောင့်သာ မီတာ Bill များ မမှန်ခြင်းဖြစ်ရာ မီတာများ အိမ်ခြံအတွင်း ပြန်လည်တပ်ဆင်ခြင်းဖြင့် မီးသုံးသူအချို့၏ Complain ကို ဖြေရှင်းရာမရောက်ဘဲ ဓာတ်အားပျောက်ဆုံးမှု (Losses) သာ တိုးလာမည်ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် မီတာ လေးမျိုးစနစ် (4 Meter စနစ်) ကို ဆောင်ရွက်ခဲ့ပြီး အမျိုးအစားကွဲ Brand များ ဝယ်ယူကာ မီတာများကို အိမ်ခြံအတွင်း တပ်ဆင်ပေးခဲ့သည့်အတွက် မီတာဖတ်၊ Bill ထုတ်စနစ်များ ရှုပ်ထွေးမှုဖြစ်ကာ မီတာစနစ်ကို နောက်ပြန်ရောက်သွားခဲ့ပါသည်။

**ငွေကောက်ခံမှုစနစ် (Billing System)**

ငွေကောက်ခံမှုစနစ် ကောင်းမွန်စေရန်အတွက် အောက်ပါအချက်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည် –

(က) မျက်မြင်မီတာဖတ်နေရာများတွင် ခေတ်မီ မီတာစနစ်များဖြင့် အစားထိုးတပ်ဆင် ဆောင်ရွက်သွားခြင့်ဖြင့် မှန်ကန်မှု၊ မြန်ဆန်မှုရှိခြင်း၊ Billing Software များဖြင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာလုပ်ငန်းအားလုံးကို ဆောင်ရွက်ပေးနိုင်ခြင်းတို့ကို ရရှိပါသည်။ လူအင်အား (Manpower) များစွာလျှော့ချနိုင်မည်ဖြစ်ရာ ဝန်ထမ်းအင်အားအခက်အခဲနှင့် ဝန်ထမ်းစရိတ်များကို သက်သာမှုရရှိစေပါသည်။

(ခ) မီတာခပေးဆောင်ခြင်းကို Online စနစ်၊ ဘဏ်စနစ်တို့ကို ကျယ်ပြန့်စွာ အသုံးပြုနိုင်အောင် ဆောင်ရွက်ရပါမည်။ မီတာ Bill ပေးဆောင်နိုင်သော Online ဆက်သွယ်ထားသော ဆိုင်ငယ်လေးများ မှတစ်ဆင့် မီးသုံးသူများ ငွေပေးဆောင်မှုကို လွယ်ကူစေပါမည်။

(ဂ) ခေတ်မီ မီတာဖတ်စနစ်များ အသုံးပြုခြင်းဖြင့် မီတာဖတ်ရသော လူအင်အားကို လျှော့ချနိုင်သော်လည်း Bill ဝေရခြင်းကို ဆောင်ရွက်နေခြင်းကြောင့် လူအင်အားများစွာ ပြန်အသုံးပြုနေရသည်။ ခေတ်မီနည်းပညာဖြင့် မီတာဖတ်နိုင်ခြင်းကြောင့် လူအင်အားများစွာ အသုံးပြုနေရသော Bill ဝေခြင်းကို Online စနစ်၊ လျှပ်စစ်ရုံးသို့လာရောက်ကြည့်ရှု၍ Bill ဆောင်သောစနစ်ကို ဆောင်ရွက်ကြပါသည်။

**အပြစ်ပေး အရေးယူစနစ်**

တရားမဝင် ဓာတ်အားသုံးစွဲသူ အရေးယူရာတွင် ဒဏ်ကြေးနှစ်နာကြေးတောင်းခံခြင်း၊ မီးဖြတ်ခြင်း၊ မီးသုံးစွဲမှုပိတ်ခြင်းများဖြင့် အရေးယူဆောင်ရွက်ကြပါသည်။ အချို့နိုင်ငံများတွင် ပြစ်မှုမကျူးလွန်ရဲအောင် ဒဏ်ငွေပေးဆောင်မှုအပြင် ထောင်ဒဏ်ပါ ချမှတ်ကြပါသည်။ လျှပ်စစ်ဥပဒေအရ တရားစွဲဆိုမှု၊ ပြစ်ဒဏ်ချမှတ်မှုများကိုလည်း မြန်ဆန်မှုရှိသောစနစ်ဖြင့် ဆောင်ရွက်ကြပါသည်။

**ပံ့ပိုးကူညီသူကိုပါ အရေးယူရမည်**

တရားမဝင် ဓာတ်အားသုံးစွဲနိုင်အောင် လျှပ်စစ်ကျွမ်းကျင်သူများက ဆောင်ရွက်ပေးကြခြင်းဖြစ်ပါသည်။ ပြင်ပလျှပ်စစ်ကျွမ်းကျင်သူများနှင့် စည်းကမ်းဖောက် ဝန်ထမ်းများလည်း ပါဝင်ပတ်သက်ကြမည်ဖြစ်ပါသည်။ မီတာဖြုတ်ခိုးသူများသည် တစ်နေရာတွင် တပ်ဆင်ပေးခြင်းဖြစ်ရာ ယင်းမီတာနံပါတ်များ စစ်ဆေးတွေ့ရှိနိုင်ပါသည်။ တရားမဝင် ဓာတ်အားသုံးစွဲမှုရအောင် ပူးပေါင်းဆောင်ရွက်ပေးသူကိုပါ ဖော်ထုတ်အရေးယူပါက ဓာတ်အားပျောက်ဆုံးမှုများ လျော့နည်းသွားနိုင်မည်ဖြစ်ပါသည်။

**Smart Meter စနစ်**

Smart Meter စနစ်သည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွက် အဆင့်မြင့်စနစ်ဖြစ်ပါသည်။ Online ဖြင့် မီတာဖတ်ခြင်း၊ Bill ထုတ်ခြင်း၊ ဘဏ္ဍာရေးစာရင်းများ ဆောင်ရွက်ခြင်း၊ Online မီတာခပေးချေခြင်း၊ မီးသုံးသူများက Android Phone ဖြင့် မိမိဓာတ်အားသုံးစွဲမှုကို Update ဝင်ကြည့်နိုင်ခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့အပြင် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ၏ ဝန်အားသုံးစွဲမှု၊ ချို့ယွင်းမှုတို့ကို ကြည့်ရှုနိုင်ခြင်းဖြင့် ပြုပြင်ထိန်းသိမ်းမှု (Maintenance) အပိုင်းကိုလည်း များစွာအထောက်အကူဖြစ်စေပါသည်။

Smart Meter စနစ်ဖြင့် တရားမဝင် ဓာတ်အားသုံးစွဲမှုကို Monitor လုပ် ဖော်ထုတ်ပေးခြင်း၊ သံသယဖြစ်သော မီးသုံးသူစာရင်း (Yellow List) ကိုဖော်ပြပေးခြင်း၊ မီတာချို့ယွင်းမှုကိုလည်း ဖော်ထုတ်ပေးခြင်း၊ ဓာတ်တိုင်တက်ရန်မလို Online ဖြင့် ဓာတ်အားဖြတ်တောက်မှု(မီတာကိုပိတ်ခြင်း) ဆောင်ရွက်နိုင်ခြင်းများကြောင့် တရားမဝင် ဓာတ်အားသုံးစွဲမှုကို လျော့နည်းစေရေးတွင် များစွာ ထိရောက်မှုရှိမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရပါက တရားမဝင်ဓာတ်အားသုံးစွဲမှုလျှော့ချနိုင်ရန် မြေပြင်အနေအထားအရ ကြိုတင်ကာကွယ်နိုင်မှု၊ ခေတ်မီနည်းပညာဆန်းသစ်မှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ မီတာမှန်မှန်ဖတ်နိုင်အောင် ဆောင်ရွက်နိုင်ခြင်းသည် မီးသုံးစွဲသူ၏ယုံကြည်မှုကို ရရှိမည်ဖြစ်ပါသည်။ မီတာများ ပြတ်လပ်မှုမရှိအောင် ဆောင်ရွက်ပေးခြင်းသည် တရားမဝင် မီတာဈေးကွက်ဖြစ်မှု၊ မီတာအခိုးခံရမှုတို့ကို တားဆီးနိုင်ပါမည်။ ဓာတ်အားပျောက်ဆုံးမှုကို လျှော့ချနိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိလာပြီး ဓာတ်အားထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု ကုန်ကျစရိတ်များကို အထောက်အကူဖြစ်လာပါမည်။ ။

# မြိတ်မြို့ သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မြိတ် ဩဂုတ် ၆

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမင်းမင်းလတ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဩဂုတ် ၆ ရက် နံနက်ပိုင်းက မြိတ်မြို့သန့်ရှင်းသာယာလှပရေးနှင့် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆောင်ရွက်မည့်လုပ်ငန်းများ၊ ပြည်သူများ၏ လိုအပ်ချက်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့၏ သမိုင်းဝင်ကန်တော်မင်္ဂလာသန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး လျာထားဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေပုန်းရပ်ကွက်၊ နောက်လယ်ရပ်ကွက်နှင့် ဆိပ်ငယ်ရပ်ကွက်တို့တွင် ဆောင်ရွက်ထားသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြိတ်တောင်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းအတွင်း အမှိုက်များနှင့်နုန်းမြေများ တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြိတ်တောင်ကျေးရွာ ဒေသခံပြည်သူများ၏ ကွန်ကရစ်လမ်းသစ် လိုအပ်လျက်ရှိသည့် အင်းလေးမြိုင်ရပ်၊ မြဇီဇဝါလမ်း၊ နဂါးနီလမ်း၊ ပဒုမ္မာ(၁)လမ်း၊ တရုတ်တန်းရပ် အေးချမ်းဖြူစင်လမ်းသွယ်၊ ကုန်းဖောက်ရပ် ပြည်သာယာလမ်းတို့ကို သွားရောက်၍ ဒေသခံများအား တွေ့ဆုံဆွေးနွေးပြီး စန္ဒဝတ်ကျေးရွာအုပ်စုရှိ ရွာသစ်ကျေးရွာတွင် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်ကန်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းမင်းလတ်သည် မြိတ်မြို့သန့်ရှင်းသာယာလှပရေးအတွက် ပုဂ္ဂလိကအမှိုက်သိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းအား တင်ဒါခေါ်ယူဆောင်ရွက်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)





# ကန့်ဘလူမြို့ (ခုတင်-၁၀၀) ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသနေသော ဒေသခံပြည်သူများအတွက် အာဟာရဖြည့်စွက်စာများ ပေးအပ်

နေပြည်တော် ဩဂုတ် ၆

စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူမြို့ (ခုတင်-၁၀၀) ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသနေသော ဒေသခံပြည်သူများအတွက် အာဟာရဖြည့်စွက်စာများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က သွားရောက် ပေးအပ်သည်။

အဆိုပါဆေးရုံတွင် ဆေးကုသမှုခံယူနေကြသည့် ပြည်သူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့က သွားရောက်တွေ့ဆုံ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ သွားရောက်စဉ် ဆေးရုံရှိ ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဆေးရုံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့ပြင် ကန့်ဘလူမြို့ ပြည်သူ့အားကစားကွင်း၌ ဘောလုံးအားကစားကွင်း၊ ပြေးခုန်ပစ်အားကစားကွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေ၊ ပွဲကြည့်စင်များ ကြံ့ခိုင်မှု၊ အင်ကြင်းဥယျာဉ်အတွင်း အင်ကြင်းကျောက်များ ထိန်းသိမ်းထားရှိမှု၊ ဥယျာဉ်အတွင်း အပန်းဖြေနေရာများ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဟိုပုံး၊ ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်တို့တွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အစားထိုးဝင်ငွေရရှိနိုင်မည့်သီးနှံများ တိုးချဲ့စိုက်ပျိုး

ဟိုပုံး ဩဂုတ် ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး၊ ဆီဆိုင်နှင့်ပင်လောင်းမြို့နယ်တို့တွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အစားထိုးဝင်ငွေရရှိနိုင်မည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး၊ ဒေသ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် ကော်ဖီနှင့် ပြောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထိုသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရေး၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် အဖွဲ့ဝင်များ၊ ပင်လောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ Mae Fah Luang Foundation (CEO) နှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၌ ပြုလုပ်ပြီး ဘိန်းစိုက်ပျိုးမှုပပျောက်စေရေးကို အထောက်အကူပြုနိုင်မည့် အစားထိုးသီးနှံစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စိုက်ပျိုးထုတ်လုပ်မည့်သီးနှံများအတွက် ဈေးကွက်ချိတ်ဆက်မှု၊ နည်းပညာပံ့ပိုးမှုနှင့် တောင်သူများ၏ ဝင်ငွေတိုးတက်စေရေးဆိုင်ရာ ကိစ္စရပ်များ၊ ကော်ဖီနှင့် ပြောင်းသီးနှံများကို အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်ရေး၊ ထုတ်ကုန်တန်ဖိုးမြှင့်တင်ရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်များ ဖော်ဆောင်ရေးနှင့်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ဆေးလိပ်နှင့်မူးယစ်ဆေးဝါးအကြောင်း အသိပညာပေး ဟောပြော

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဆေးလိပ်နှင့်မူးယစ်ဆေးဝါးအကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

## အသိပညာပေး ဟောပြော

ဦးစွာ အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးခင်အောင်မြင့်က ကျေးဇူးတင်စကားပြောကြားပြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန သူနာပြုဆရာမကြီး ဒေါ်အိအိလှိုင်က ဟောပြောပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲခြင်း၏ အန္တရာယ်နှင့် သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# သဃ်ၤန်းကျွန်းခရိုင် သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်၌ နည်းပညာဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်တွင် သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်ပညာနေခြည်ခန်းမ၌ AI , Cyber Security and Digital literacy For Teachers နည်းပညာဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဦးစွာ သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်နှင်းကြူဦးနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာရှင်များ အသင်းဥက္ကဋ္ဌ ဦးဌေးလင်းက AI, Cyber Security and Digital literacy For Teachers နည်းပညာများအကြောင်း ဟောပြောသည်။ ထို့နောက် ညဏ်စမ်းပဟေဠိအစီအစဉ်ဆောင်ရွက်ကာ နည်းပညာဆိုင်ရာ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ၂၀၂၆ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲ ဝါသနာရှင်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြီးစီး




ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ SAE PAING Development Ltd နှင့် Phyo Si Thu Teak Plantation (Myanmar)တို့က အဓိကကူညီပံ့ပိုးသည့် ၂၀၂၆ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(Amateur)၊ ဝါသနာရှင်အဆင့် သက်ကြီးတန်း (Senior Amateur) အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုပေးပွဲကို ယနေ့တွင် ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင် ဦးဝင်းမြင့်ချင်းက သက်ကြီးတန်း ဝါသနာရှင်အဆင့် (အသက် ၆၆–၇၅)တွင် ဒုတိယဆုရရှိသည့် ဦးကျော်သူ၊ ပထမဆုရရှိသည့် ဦးကျော်စိန်လင်း တို့အား လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးတင်မောင်မောင်ဝင်းက သက်ကြီးတန်းဝါသနာရှင်အဆင့် (အသက် ၆၁–၆၅)တွင် ဒုတိယဆုရရှိသည့် ဦးဆန်းမင်း (မော်လမြိုင်)၊ ပထမဆုရရှိသည့် ဦးစိုး(မန္တလေး)အား လည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ဦးစိုးက သက်ကြီးတန်း ဝါသနာရှင်အဆင့် (အသက် ၅၅–၆၀)တွင် ဒုတိယဆုရရှိသည့် ဦးအိုက်ပန်း၊ ပထမဆုရရှိသည့် ဦးကိုကိုအေးတို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအိုက်ပန်းက ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဟိန်းနိုင်ဇင်၊ ပထမဆုရရှိသည့် ကျော်ကိုကိုချစ်တို့အား ဆုချီးမြှင့်ပြီး ပထမဆုရရှိသည့် ကျော်ကိုကိုချစ်အား မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးအောင်ကြည်နှင့် ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲကို မျိုးဆက်သစ် ဂေါက်သီး အားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ပြီး ယခုပြိုင်ပွဲကို Burmese Golf (BG)၊ ဦးစိုး(ရွှေဝါတောင်ကုမ္ပဏီလီမိတက်)၊ ဦးလှမြင့်ရွှေ (United Pacific Co., Ltd)၊ Alpine သောက်ရေသန့်နှင့် Alpine Vitamin Drink တို့ကလည်း ထပ်မံကူညီပံ့ပိုးပေးကြောင်း သိရသည်။

**သတင်း–ချစ်ကိုကို**
**ဓာတ်ပုံ–ကိုထွန်း**



## ကြံခင်းမြို့နယ်၌ ပြည်သူများလက်ဝယ်သို့ စားအုန်းဆီများ မှန်ကန်စွာရောက်ရှိစေရေး စစ်ဆေး

ကြံခင်း ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ချောင်းခွကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် ကျေးရွာနေပြည်သူများလက်ဝယ်သို့ စားအုန်းဆီများ မှန်ကန်စွာရောက်ရှိရေးအတွက် ကျေးရွာလက်လီအရောင်းဆိုင်၌ ဆီဝယ်ယူခွင့်စာအုပ်ဖြင့် စနစ်တကျ ရောင်းချပေးနေမှုကို တာဝန်ရှိသူများ ပူးပေါင်း၍ ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ရောင်းချနေမှုများကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးကျော်နိုင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးကျော်ဝင်းမော်နှင့် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်ခင်သန္တာထိုက်တို့က ကွေးမအုပ်စုရှိ အိမ်ထောင်စု ၅၀၇ စုအား စားအုန်းဆီသတ်မှတ်ရည်ညွှန်းဈေးဖြင့် အိမ်ထောင်စုတစ်စုလျှင် ၅၀ ကျပ်သားနှုန်းရောင်းချပေးနေမှု၊ စားအုန်းဆီထုတ်ယူခွင့်စာအုပ်၊ သတ်မှတ်အလေးချိန်ဖြင့် ကျေးရွာနေပြည်သူများ ဝယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

**❖၂၀၂၆ ခုနှစ်မှ**

အလားတူ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို၁၀ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊သာသနာရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းကို ၂၆ ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၇ ရက်တွင် ဖူဆယ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း၊ အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**❍ အာဆီယံမှ**

ခေါ်ဆောင်သွားပြီး ပွဲပယ်ခံထားရသည့် မောင်မောင်လွင်လည်း အသင်းဖော်များကို အားပေးရန် လိုက်ပါလာကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲတွင် သုံးပွဲကစား ခြောက်မှတ်ရထားပြီး အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၈ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၌ ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲတွင် မလေးရှားအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သော်လည်း ဖိလစ်ပိုင်အသင်းကို အဝေးကွင်း၌ လေးဂိုး–တစ်ဂိုး၊ လာအိုအသင်းကို အိမ်ကွင်း၌ ခုနစ်ဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–စိုးညွန့်သော်**

**❂ မြန်မာအသင်းမှ**

ပြိုင်ပွဲ တတိယနေ့တွင် မြန်မာပိုက်ကျော်ခြင်းအသင်းသည် အုပ်စုသုံးပွဲ ယှဉ်ပြိုင်ကစားပြီး တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် ပါကစ္စတန်အသင်းကို ၁၅–၂ မှတ်၊ ၁၅–၆ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရခဲ့သည်။ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို ၂–၁ ပွဲဖြင့် အရေးနိမ့်ပြီး ပထမပွဲငယ်တွင် ၁၅–၂ မှတ်ဖြင့် အနိုင်ရသော်လည်း ဒုတိယပွဲငယ်တွင် ၁၅–၈ မှတ်၊ တတိယပွဲငယ်တွင် ၁၅–၈ မှတ်ဖြင့် ပြန်လည်ရှုံးနိမ့်သည်။ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် တောင်ကိုရီးယားအသင်းကို ၂–၁ ပွဲဖြင့် အရေးနိမ့်ခဲ့ပြီး ပထမပွဲငယ်တွင် ၁၇–၁၆ မှတ်ဖြင့် အရေးနိမ့်သော်လည်း ဒုတိယပွဲငယ်တွင် ၁၅–၆ မှတ်ဖြင့် အနိုင်ရသဖြင့် တတိယပွဲငယ်မှာ အဆုံးအဖြတ်ဖြစ်လာသည်။ တတိယပွဲငယ်တွင် တောင်ကိုရီးယားအသင်းက ၁၇–၁၆ မှတ်ဖြင့် အနိုင်ရသဖြင့် မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲစတုတ္ထနေ့ကို ဩဂုတ် ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–TSF**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၀၈ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၆

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၈ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**★ မုတ်သုံလေမှ**

ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

ယနေ့ဖတ်စရာ

ပဉ္စမအကြိမ်မြောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းပြပွဲ ၂၀၂၆ ဖွင့်ပွဲကျင်းပ စာမျက်နှာ » ၁၃

၂၀၂၆ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲ ဝါသနာရှင်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြီးစီး စာမျက်နှာ » ၁၈





## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၆

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဖူဆယ်ဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပလျက်ရှိရာ ယနေ့ ဖူဆယ်(အမျိုးသား) အုပ်စုပတ်လည်ပွဲစဉ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၂၆ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖



## မြန်မာအသင်းယှဉ်ပြိုင်နေသည့် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၆

(၃၉) ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုတတိယနေ့ကို ဩဂုတ် ၆ ရက်က ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်း အုပ်စုပွဲများ ဆက်လက်ယှဉ်ပြိုင်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂

## အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်း ထိုင်းနိုင်ငံသို့ ရောက်ရှိ

ရန်ကုန် ဩဂုတ် ၆

မြန်မာ့လက်ရွေးစင် အသင်းသည် ၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် နှစ်သုတ်ခွဲ၍ သွားရောက်ခဲ့ပြီး ဩဂုတ် ၆ ရက် ညနေပိုင်းမှစ၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လေ့ကျင့်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဒဏ်ရာရကစားသမားအချို့မှလွဲ၍ ကျန်ကစားသမားအားလုံး

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❍



## မုတ်သုံလေအားကောင်းနေခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၅ - ၈ -၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၇ - ၈ -၂၀၂၆ ရက်နေ့မှ ၉ - ၈ -၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။

နေပြည်တော် ဩဂုတ် ၆

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ★

## Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် မြန်မာအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၆

Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့် ထိုင်းအမျိုးသား ဘောလုံးအသင်းတို့၏ အုပ်စုအဆင့်ပွဲစဉ်ယှဉ်ပြိုင်မှုကို ယင်းနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်မှ စတင်၍ MRTV Sports Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်